BURMA NEWS INTERNATIONAL

# ရွေးချယ်ခွင့်မဲ့ မဲဆန္ဒရှင်များ

## မြန်မာနိုင်ငံ တိုင်းရင်းသားဒေသများရှိ

## ရွေးကောက်ပွဲဆိုင်ရာ ဖြစ်ရပ်များဆန်းစစ်ခြင်း



www.bnionline.net

# ရွေးချယ်ခွင့်မဲ့ မဲဆန္ဒရှင်များ - မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများရှိ ရွေးကောက်ပွဲဆိုင်ရာ ဖြစ်ရပ်များဆန်းစစ်ခြင်း။


*တိုင်းရင်းသားနယ်မြေများရှိ စစ်တပ်စီစဉ်ဖန်တီးထားသော ရွေးကောက်ပွဲအခြေအနေ ..................8*

*ရွေးကောက်ပွဲအကြိုကာလ အခြေအနေ ...................................................................... 11*

မဲဆန္ဒရှင်များ ပါဝင်မဲပေးခွင့်ဆုံးရှုံးခြင်း.........................................................................11

*တိုင်းရင်းသားပြည်နယ်များရှိ နယ်မြေဆိုင်ရာ ချန်လှပ်မှုများ ................................................ 12*

စစ်ကိုင်း၊ မကွေးနှင့် တနင်္သာရီတိုင်းဒေသကြီးများအတွင်းရှိ ချန်လှပ်မှုများ.......................................14

တော်လှန်ရေးအင်အားစုများ၏ ကန့်ကွက်မှု၊ နယ်မြေစိုးမိုးမှုနှင့် ရွေးကောက်ပွဲ အကြိုကာလ အခြေအနေ 16

ပြိုင်ဘက်မရှိသည့် အမတ်နေရာများနှင့် အလိုအလျောက် အနိုင်ရရှိမှုများ.........................................20

ပါတီမှတ်ပုံတင်ခြင်းဆိုင်ရာ မူဘောင်နှင့် ဖွဲ့စည်းပုံဆိုင်ရာ အသာစီးရယူမှုများ......................................20

အဖွဲ့အစည်းဆိုင်ရာ ဟန်ချက်ညီမှုနှင့် ကိုယ်စားလှယ်လောင်း ချထားမှု...............................................24

ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိသော နိုင်ငံရေးပါတီကြီးများ ...........................................................26

ဥပဒေကြောင်းအရ ဖိနှိပ်မှုနှင့် ရွေးကောက်ပွဲ ကာကွယ်ရေး ဥပဒေ...................................................29

*ကြိုတင်မဲပေးခြင်းနှင့် မဲပေးသူဦးရေ ကွာဟချက်များ.........................................................30*

တိုင်းရင်းသားပြည်နယ်များတွင် မဲပေးသူဦးရေ နည်းပါးခြင်းနှင့် ပါဝင်မှု ကန့်သတ်ချက်များ .................36

*တိုင်းရင်းသားဒေသများမှ မြေပြင်အခြေအနေမှန်များ.........................................................39*

*အငြင်းပွားဖွယ်ရာများနှင့် ပွင့်လင်းမြင်သာမှု ကင်းမဲ့ခြင်း ......................................................43*

စောင့်ကြည့်လေ့လာရေး ချဉ်းကပ်မှုနှင့် မျှော်လင့်ချက်နည်းပါးမှု .....................................................46

*စစ်အုပ်ချုပ်ရေး သက်ဆိုးရှည်မှုနှင့် အစိုးရဖွဲ့စည်းခြင်း ........................................................47*

*အသစ်ဖွဲ့စည်းလိုက်သော အစိုးရ၏ တရားဝင်မှု အားနည်းချက်.............................................49*

*လူဟောင်းများနှင့်အသစ်ဆိုသောအစိုးရ...........................................................................50*

*နိဂုံးချုပ် ...................................................................................................................53*

## သုတေသနအကျဉ်းချုပ်

မကြာသေးမီက စစ်တပ်က စီစဉ်ကျင်းပသော ရွေးကောက်ပွဲသည် နိုင်ငံရေးအရ ထိန်းချုပ်မှုများအောက် တွင် လွတ်လပ်မှုနှင့် တရားမျှတမှု ကင်းမဲ့စွာဖြင့် ကျင်းပနိုင်ခဲ့ပြီး စစ်တပ်ကျောထောက်နောက်ခံပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ကသာ အပြတ်အသတ် အသာစီးရစေခဲ့သည်။ တိုင်းရင်းသားအခြေပြုပါတီ ၂၉ပါတီ အပါအဝင် နိုင်ငံရေးပါတီ ၅၇ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၎င်းတို့ အနက် ၂၃ပါတီ အမတ်နေရာ အနိုင်ရရှိခဲ့သော်လည်း ရွေးကောက်ပွဲရလဒ်မှာ တစ်ဖက်စောင်းနင်း အလွန် ဖြစ်ခဲ့သည်။ တိုင်းရင်းသားပါတီများ အားလုံးစုပေါင်း၍ အမတ်နေရာ ၁,၀၂၅ နေရာအနက် ၁၅၅ နေရာ (၁၅.၁၂ ရာခိုင်နှုန်း)သာ အနိုင်ရရှိခဲ့ပြီး USDP ကမူ ၇၃၉ နေရာ (၇၂.၁၀ ရာခိုင်နှုန်း)ခန့် အနိုင်ရရှိကာ လွှတ်တော်နှစ်ရပ်လုံးကို လွှမ်းမိုးထားနိုင်ခဲ့သည်။ မဲဆန္ဒနယ် အမြောက်အမြားတွင် USDP ရရှိသော မဲများ၏ ၄၀ ရာခိုင်နှုန်းကျော်မှာ ကြိုတင်မဲများမှ ရရှိခြင်းကဲ့သို့သော အခြေအနေများရှိသည်သာမက၊ ကိုယ်စားလှယ်လောင်း တစ်ဦးတည်းသာရှိသည့် မဲဆန္ဒနယ် ၃၁နယ်တွင် USDP ၂၈နယ် အနိုင်ရရှိနေခြင်း တို့က USDP ၏ လွှမ်းမိုးမှုကို ပိုမိုခိုင်မာစေခဲ့သည်။ ဤပုံစံများကို ကြည့်ခြင်းအားဖြင့် ရွေးကောက်ပွဲ မှုဘောင်သည် လွတ်လပ်စွာ ယှဉ်ပြိုင်မှုရှိသော လုပ်ငန်းစဉ်တစ်ခုအဖြစ် မဟုတ်ဘဲ စစ်တပ်နှင့် ဆက်နွှယ် နေသော သို့မဟုတ် စစ်တပ်အတွက်သာ နိုင်ငံရေးအာဏာကို ခိုင်မာအောင် လုပ်ဆောင်သည့် ယန္တရား တစ်ခုအဖြစ် လုပ်ဆောင်ခဲ့ကြကြောင်း တွေ့ရသည်။

ဤရွေးကောက်ပွဲ၏ ထူးခြားသော ဝိသေသတစ်ခုမှာ မဲဆန္ဒရှင်အရေအတွက် သိသိသာသာ လျော့နည်း သွားခြင်း ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် မဲပေးပိုင်ခွင့်ရှိသူ ၃၇ သန်းမှ ၃၈ သန်းခန့် ရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၂၄.၁၃ သန်းသို့ ကျဆင်းသွားခဲ့ပြီး နေရပ်စွန့်ခွာ တိမ်းရှောင်ရခြင်း၊ နယ်မြေမတည်ငြိမ်ခြင်းနှင့် ကန့်သတ် ချက်များကြောင့် လူပေါင်း ၁၃ သန်းကျော် (ယခင် မဲဆန္ဒရှင် စုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းခန့်) မှာ ဖယ်ချန်ခံ ခဲ့ရသည်။ ဤကဲ့သို့ ဖယ်ထားခံရမှု အခြေအနေမှာ တိုင်းရင်းသားပြည်နယ်များတွင် အထူးဆိုးရွားခဲ့ပြီး နယ်မြေအမြောက်အမြားမှာ ပါဝင်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ ဥပမာအားဖြင့် ချင်းပြည်နယ်တွင် မြို့နယ် ၉ ခုအနက် ၂မြို့နှင့်

ရခိုင်ပြည်နယ်တွင် မြို့နယ် ၁၇ ခုအနက် ၃မြို့တွင်သာ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပြီး ရပ်ကွက်နှင့် ကျေးရွာအဆင့်များတွင်လည်း ထပ်မံ၍ ဖယ်ချန်မှုများ ရှိခဲ့သည်။ တစ်နိုင်ငံလုံး အတိုင်းအ တာဖြင့် စစ်တပ်သည် မြို့နယ် ၃၅၀ အနက် ၂၅၇မြို့နယ် (၅၂ ရာခိုင်နှုန်းခန့်)ကိုသာ အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း မြို့ပေါင်း ၈၁မြို့မှာ တော်လှန်ရေး အင်အားစုများ၏ သိမ်းပိုက်ထားမှုအောက်တွင် ရှိနေသည်။ ဤအခြေအနေများသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်၏ ပကတိအနေအထား နှင့် တရားဝင်မှုကို များစွာ သက်ရောက်စေခဲ့သည်။

ရွေးကောက်ပွဲအကြို ပတ်ဝန်းကျင်သည်လည်း ကန့်သတ်ချုပ်ချယ်သော ဥပဒေမူဘောင်များနှင့် အတိုက် အခံများကို စနစ်တကျ ဖိနှိပ်ခြင်းများမှတစ်ဆင့် နိုင်ငံရေးအရ အများပါဝင်နိုင်မှုကို ပိုမိုကန့်သတ်ခဲ့သည်။ ၂၀၂၃ ခုနှစ် မတ်လတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ တင်းကျပ်သော သတ်မှတ်ချက်များ ကို ပြဋ္ဌာန်းခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် ထင်ရှားသော အချို့သော တိုင်းရင်းသားပါတီ အပါအဝင် ပါတီပေါင်း ၄၀ ကို ဖျက်သိမ်းစေခဲ့သည်။ ထို့အပြင် အတိုက်အခံ နိုင်ငံရေးလှုပ်ရှားမှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ကာ ဥပဒေကြောင်းအရ အရေးယူမှုများရှိခဲ့ပြီး ၂၀၂၆ ခုနှစ် အစောပိုင်းအထိ ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များဖြင့် လူပေါင်း ၄၀၀ ကျော် တရားစွဲဆိုခြင်း ခံခဲ့ရသည်။ ထို့အပြင် ပါတီအများအပြားမှာ အတင်းအကျပ် ဖျက်သိမ်းခံရခြင်း သို့မဟုတ် ပါတီများကိုယ်တိုင်က ပါဝင်ရန် သပိတ်မှောက်ခြင်းတို့ကြောင့် မဲမပေးမီကပင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအကြို နိုင်ငံရေးအခင်းအကျင်းမှာ အလှမ်းဝေးနေခဲ့သည်။ ကန့်သတ်ထားသော စည်းရုံးရေးနယ်ပယ်၊ အားနည်း သော မဲဆန္ဒရှင်ပညာပေးမှုများကို လုံခြုံရေးအကန့်အသတ်တို့နှင့် ပေါင်းစပ်လိုက်သောအခါ ဤကန့် သတ်ချက်များသည် နိုင်ငံသားများ၏ ပါဝင်မဲပေးနိုင်မှုနှင့် ပါဝင်ယှဉ်ပြိုင်နိုင်စွမ်း နှစ်ရပ်လုံးကို လျော့ကျ စေခဲ့သည်။

မဲပေးသူ အရေအတွက်မှာ ၅၄ ရာခိုင်နှုန်းခန့်အထိ ကျဆင်းသွားခဲ့ပြီး (၁၉၉၀ ပြည့်နှစ်နောက်ပိုင်း အနိမ့် ဆုံး) ၎င်းမှာ လူထု၏ယုံကြည်မှု နည်းပါးခြင်း၊ နေရပ်စွန့်ခွာရခြင်းနှင့် မဲရုံများသို့ သွားရောက်ရန် ခက်ခဲ ခြင်းတို့ကို ပြသနေသည်။ တိုင်းရင်းသားဒေသ အများအပြားတွင် ပါဝင်မှုမှာ

အနည်းငယ်သာ ရှိခဲ့ပြီး စည်းရုံးရေးလှုပ်ရှားမှုများမှာလည်း လုံးဝနီးပါး မရှိခဲ့သလို မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲနှင့် ပတ်သက်သော အခြေခံ အချက်အလက်များကိုပင် မသိရှိခဲ့ကြပါ။ အထူးသဖြင့် အစိုးရဝန်ထမ်းများနှင့် ပတ်သက်၍ ဖိအားပေးမှု သတင်းများရှိနေခြင်းနှင့် ပွင့်လင်းမြင်သာမှု မရှိသော ကြိုတင်မဲပေးမှု လုပ်ငန်း စဉ်များ၏ အဆုံးအဖြတ်ပေးနိုင်သော အခန်းကဏ္ဍတို့က ရွေးကောက်ပွဲ၏ ခိုင်လုံမှုကို ပိုမိုထိခိုက်စေခဲ့ သည်။ ဤကဲ့သို့သော ကန့်သတ်ချက်များ ရှိနေလင့်ကစား တိုင်းရင်းသားဒေသ အချို့တွင် မဲပေးမှု ပုံစံများက ဒေသအလိုက် စစ်တပ်ကို မလိုလားမှုများကို သွယ်ဝိုက် ပြသခဲ့သည်များလည်းရှိသည်။ မဲပေး သူများသည် USDP သို့ မဲထည့်ရမည့်အစား အခြားရွေးချယ်စရာအဖြစ် တိုင်းရင်းသားအခြေပြုပါတီများ ကို ထောက်ခံခဲ့ကြရာ ၎င်းကို "ဆိုးသည့်အထဲမှ အနည်းဆုံးကို ရွေးချယ်ခြင်း"ဟု မကြာခဏ ဖော်ပြကြ သည်။

ရွေးကောက်ပွဲအလွန် လှုပ်ရှားပြောင်းလဲမှုများအရ စစ်တပ်၏ လွှမ်းမိုးမှုမှာ ဆက်လက်တည်ရှိနေမည့် အလားအလာ မြင့်မားနေသည်။ လက်ရှိ တိုင်း/ပြည်နယ်ဝန်ကြီးချုပ်များနှင့် စစ်တပ် အရာရှိကြီး အများ အပြားသည် USDP အောက်တွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရခဲ့ကြပြီး အာဏာကို ဆက်လက် ဆုပ်ကိုင် ထားရန် ပြင်ဆင်နေကြသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် စစ်တပ်ခေါင်းဆောင်ပိုင်းသည် အစိုးရဖွဲ့စည်းရေးတွင် ဗဟိုချက်မအဖြစ် ဆက်လက်ရှိနေပြီး အဓိက ရာထူးနေရာများကို လက်ရှိစစ်တပ် သို့မဟုတ် စစ်ကောင်စီနှင့် ဆက်နွယ်သူများဖြင့်သာ ဖြည့်ဆည်းသွားမည်ဟု တွေ့မြင်ရသည်။ ဤကဲ့သို့ အစဉ်အဆက်အတိုင်း ဆက်လက်ရှိနေမှုက ရွေးကောက်ပွဲသည် ရှိရင်းစွဲ စစ်တပ်ဖန်တီးသည့်အာဏာ တည်ဆောက်ပုံကို အရပ်သားအစိုးရ အမည်ခံ——ပုံစံသစ်ဖြင့် ပြန်လည်ထုပ်ပိုးခြင်းသာဖြစ် ကြောင်း ညွှန်ပြနေသည်။

ခြုံငုံကြည့်လျှင် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲသည် စနစ်တကျ ဖယ်ထုတ်ခြင်း၊ ကန့်သတ်ထားသော နယ်မြေ အတိုင်းအတာ၊ ပိတ်ပင်ထားသော နိုင်ငံရေးယှဉ်ပြိုင်မှုနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ မမှန်ကန်မှုများဖြင့် ပြည့်နှက်နေသည်။ ပုံစံတကျ ကျင်းပခဲ့သည်ဆိုသော်လည်း ဤလုပ်ငန်းစဉ်တွင် စစ်မှန်သော အားလုံး ပါဝင်နိုင်မှုနှင့် ခိုင်လုံမှု ကင်းမဲ့နေသည်။ ရွေးကောက်ပွဲသည်

မြန်မာနိုင်ငံသားတို့၏ ဆန္ဒကို ရှောင်ပြန်ဟပ် ရန်ထက် စစ်တပ်အာဏာ ခိုင်မြဲစေရန်သာ ဖန်တီးထားသဖြင့် ပေါ်ထွက်လာမည့် အစိုးရသည် ကြီးမား သော တရားဝင်မှု ကင်းမဲ့ခြင်း (legitimacy deficit) နှင့် ရင်ဆိုင်ရမည် ဖြစ်သည်။

## တိုင်းရင်းသားနယ်မြေများရှိ စစ်တပ်စီစဉ်ဖန်တီးထားသော ရွေးကောက်ပွဲအခြေအနေ

ပြည်သူများနှင့် တော်လှန်ရေးအင်အားစုများ၏ ကန့်ကွက်ဖိအားပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ရှိနေသည့်ကြားမှ မြန်မာစစ်တပ်သည် ၎င်းတို့ စီစဉ်ဖန်တီးထားသော ရွေးကောက်ပွဲကို အပိုင်း (၃) ပိုင်း ခွဲ၍ ဆက်လက် လုပ်ဆောင်ခဲ့သည်။ အပိုင်း (၁)ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မြို့နယ်ပေါင်း (၁၀၂) မြို့နယ်၌လည်းကောင်း၊ အပိုင်း (၂)ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မြို့နယ်ပေါင်း (၁၀၀) မြို့နယ်၌လည်းကောင်း၊ အပိုင်း (၃)ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မြို့နယ်ပေါင်း (၆၁) မြို့နယ်၌လည်းကောင်း ကျင်းပခဲ့သည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြို့နယ်ပေါင်း (၂၆၃) မြို့နယ်တွင်သာ ကျင်းပနိုင်ခဲ့ပြီး ပဋိပက္ခများ၊ တော်လှန်ရေး အင်အားစုများ၏ နယ်မြေစိုးမိုးမှုနှင့် လုံခြုံရေးဆိုင်ရာ အကန့်အသတ်များကြောင့် နိုင်ငံအတွင်းရှိ ကျန်မြို့နယ်ပေါင်း (၆၇) မြို့နယ်တွင် ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း မရှိခဲ့ပေ။ ရွေးကောက်ပွဲ ကျင်းပခဲ့သည့် မြို့နယ် (၂၆၃) မြို့နယ်အတွင်း၌ပင်လျှင် ရပ်ကွက် (၂၁၆) ခု နှင့် ကျေးရွာအုပ်စု (၃,၆၈၂) စုတွင် မဲပေးမှုများ မပြုလုပ်နိုင်ခဲ့ခြင်းက ရွေးကောက်ပွဲလုပ်ငန်းစဉ်သည် အလွန်အမင်း ကန့်သတ်မှုရှိပြီး မျှတမှု မရှိကြောင်း ထင်ဟပ်ပေါ်လွင်စေသည်။

စစ်တပ် စီစဉ်သည့် ၎င်းရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ စုစုပေါင်း (၅၇)ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ပြည်ထောင်စုအဆင့်ပါတီ (၆)ပါတီသာ ပါဝင်ခဲ့သည်။ ထိုအထဲတွင် တိုင်းရင်းသားအခြေပြု နိုင်ငံရေးပါတီ (၂၉) ပါတီ ပါဝင်ပြီး (၂၃) ပါတီမှာ အနိုင်ရရှိခဲ့သည်။ တိုင်းရင်းသားအခြေပြုပါတီများသည် တစ်နိုင်ငံလုံးရှိ အာဏာပိုင်နေရာ (၁,၀၂၅) နေရာအနက် (၁၅၅) နေရာသာ အနိုင်ရရှိခဲ့ရာ စုစုပေါင်း၏ ၁၅.၁၂ ရာခိုင်နှုန်းသာ ရှိသည်။ [1]၎င်းနှင့် ဆန့်ကျင်ဘက်အနေဖြင့် စစ်တပ် ကျောထောက်နောက်ခံပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) သည် မဲဆန္ဒနယ် အားလုံးတွင် (၁,၀၂၅) နေရာအနက် (၇၃၉)နေရာခန့် (သို့မဟုတ်) ၇၂.၁၀ ရာခိုင်နှုန်းခန့် အနိုင်ရရှိခဲ့သည်။ အပိုင်း (၃)ခု စလုံး ပေါင်းလိုက် ပါက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) သည် ပြည်သူ့လွှတ်တော်နေရာများ၏ ၈၉ ရာခိုင်နှုန်းနှင့် အမျိုးသားလွှတ်တော် နေရာများ၏ ၆၉ ရာခိုင်နှုန်းကို အနိုင်ရရှိခဲ့ပြီး

[1] Union Election Commission, Facebook post, February 10, 2026, "၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီအလိုက် ခိုင်လုံမဲရရှိမှု အခြေအနေ ထုတ်ပြန်ကြေညာခြင်း," Facebook, https://www.facebook.com/permalink.php?story_fbid=pfbid0bPMCWPmUkrkAAxu8eNm64J3LgEuCmD7xLSPzQFkGgvewM3eHG7hsmS3GVJt5JowUl&id=100088755288730

လွှတ်တော်နှစ်ရပ်စလုံး တွင် လွှမ်းမိုးမှုကို ခိုင်မာစေခဲ့သည်။ [2]ယခင်ရွေးကောက်ပွဲများတွင် အနိုင်ရခဲ့သည့် ပါတီကြီးများ ပါဝင်ခွင့် မရှိခြင်း၊ နယ်မြေအမြောက်အမြားတွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခြင်း၊ မဲပေးသူဦးရေ နည်းပါးခြင်းနှင့် အုပ်ချုပ်ရေးယန္တရားဖြင့် ထိန်းချုပ်ထားသော ကြိုတင်မဲများအပေါ် အလွန်အမင်း မှီခိုနေရခြင်း စသည့် ရွေးကောက်ပွဲ ကျင်းပခဲ့သည့် အခြေခံ အဆောက်အအုံဆိုင်ရာ အခြေအနေများကိုကြည့်ပါက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ၏ တောင်ပြိုကမ်းပြိုအနိုင်ရမှုမှာ အံ့သြစရာ မဟုတ်ပေ။ ဤရလဒ်များအရ စစ်တပ်ကျောထောက်နောက်ခံပြုပါတီသည် အဖွဲ့အစည်းဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ အားသာချက်များကို အပြတ်အသတ် အသုံးချပြီး စစ်တပ်၏ နိုင်ငံရေးလက်ဝေခံကို မျက်နှာသာပေးမည့် ရလဒ်ထွက်ပေါ်လာစေရန် ဖန်တီးထားသည့် ရွေးကောက်ပွဲ ပတ်ဝန်းကျင်ကိုသာ ဖော်ပြနေခြင်း ဖြစ်သည်။

### တိုင်းရင်းသားအခြေပြုပါတီများ၏ ရွေးကောက်ပွဲအနိုင်ရမှုအခြေအနေ

| နိုင်ငံရေးပါတီအဖွဲ့များ | အနိုင်ရသည့် ခုံအရေအတွက် |
|---|---|
| ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၉ |
| ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် | ၁၈ |
| မွန်ညီညွတ်ရေးပါတီ | ၁၇ |
| ကရင်ပြည်သူ့ပါတီ | ၃ |
| ဓနုတိုင်းရင်းသားများ ဒီမိုကရေစီပါတီ | ၅ |
| ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ | ၇ |
| အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၄ |
| ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ | ၂ |
| နာဂအမျိုးသားပါတီ | ၁၂ |
| တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄ |
| ရခိုင်ရှေ့ဆောင်ပါတီ | ၈ |

[2] Burma Associated Press News (Facebook page), Facebook post, January 31, 2026, "စိတ်လှုပ်ရှားစရာမရှိတဲ့ စစ်တပ်ရဲ့ စိတ်ကြိုက်ရွေးကောက်ပွဲ အခြေအနေ အသေးစိတ်," Facebook, https://www.facebook.com/burmaassociatedpressnews/posts/pfbid036C9ohKH8mdkZTsieTuNLxC6MFJqsT3ViNsdCJAbY23C8CXGeVopEGYijBHa8525h

| | |
|---|---|
| ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၃ |
| ရှမ်းနီမျိုးနွယ်စုများစည်းလုံးညီညွတ်ရေးပါတီ | ၅ |
| ရခိုင်အမျိုးသားပါတီ | ၆ |
| အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ |
| ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ |
| ဒီမိုကရေစီပါတီသစ်(ကချင်) | ၂ |
| ကယားပြည်နယ်ပြည်သူ့ပါတီ | ၃ |
| လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂ |
| ဝအမျိုးသားပါတီ | ၁ |
| ကိုးကန့်ဒီမိုကရေစီနှင့်  ညီညွတ်ရေးပါတီ | ၀ |
| မွန်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ |
| ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ |
| ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၀ |
| ဇိုမီးအမျိုးသားပါတီ | ၇ |
| ရခိုင်ပြည်နယ်အမျိုးသားညီညွတ်ရေးပါတီ | ၀ |
| ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၁ |
| မရိုတိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၀ |
| ခူမီးအမျိုးသားပါတီ | ၀ |
| | ၁၅၅ |

## ရွေးကောက်ပွဲအကြိုကာလ အခြေအနေ

ရွေးကောက်ပွဲ ဖြစ်စဉ်တစ်ခုလုံးကို အကဲဖြတ်ကြည့်လျှင် စစ်တပ်ကစီစဉ်သည့် ရွေးကောက်ပွဲ၏ ရွေးကောက်ပွဲအကြိုကာလတစ်ခုလုံးသည် လွတ်လပ်၍ တရားမျှတပြီး ဂုဏ်သိက္ခာရှိသော ရွေးကောက် ပွဲတစ်ခုအဖြစ် ရှုမြင်နိုင်ရန်ပင် ခက်ခဲသည့် အခြေအနေမျိုးဖြစ်သည်။ မဲဆန္ဒရှင် အမြောက်အမြား ပါဝင်ခွင့်မရခြင်း၊ မဲပေးသူဦးရေ နည်းပါးမည် ဟု ခန့်မှန်းနိုင်ခြင်း၊ မဲပေးနိုင်သည့် နေရာများတွင် နယ်မြေဆိုင်ရာ ကန့်သတ်ချက်များ ရှိနေခြင်း၊ ပြိုင်ဘက်မရှိသည့် မဲဆန္ဒနယ်များနှင့် အလိုအလျောက် အနိုင်ရရှိမှုများ၊ တင်းကျပ်သော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နိုင်ငံရေးအင်အားစုများ၏ ကန့်ကွက်မှုများနှင့် စစ်တပ်၏ နယ်မြေစိုးမိုးမှုနှင့် အုပ်ချုပ်ရေးစွမ်းရည်ဆိုင်ရာ အကန့်အသတ်များ စသည်တို့က ရွေးကောက် ပွဲကျင်းပသည့် အခြေအနေများကို များစွာသက်ရောက်စေသည်။ ထိုအခြေအနေများအောက်တွင်ပင် လျှင် ရွေးကောက်ပွဲတွင် မဲပေးနိုင်မှုနှင့် ပါဝင်ယှဉ်ပြိုင်မှု နှစ်ခုစလုံးကို ကန့်သတ်မှုများရှိခဲ့သည်။

### မဲဆန္ဒရှင်များ ပါဝင်မဲပေးခွင့် ဆုံးရှုံးခြင်း

စစ်တပ် စီစဉ်သည့် ရွေးကောက်ပွဲ၏ အထင်ရှားဆုံးနှင့် ငြင်းဆို၍မရသော အကန့်အသတ်တစ်ခုမှာ မဲပေး ပိုင်ခွင့်ရှိသူ အရေအတွက် သိသိသာသာ လျော့နည်းသွားခြင်း ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် မဲပေးပိုင်ခွင့် ရှိသူ နိုင်ငံသား ၃၇ သန်းမှ ၃၈ သန်းခန့် ရှိခဲ့သော်လည်း ၂၀၂၅ ခုနှစ်တွင် ထိုအရေအတွက်မှာ ၂၄.၁၃ သန်း အထိ ကျဆင်းသွားခဲ့သည်။ [3]၎င်းသည် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်ရခြင်း၊ အရေးပေါ်အခြေအနေ ကြေညာထားသော မြို့နယ်များအဖြစ် သတ်မှတ်ခံရသည့်ဒေသများတွင် မဲဆန္ဒနယ်များ ပယ်ဖျက်ခြင်းတို့ကြောင့် ယခင်မဲဆန္ဒရှင်ဦးရေ၏ ၃၅ ရာခိုင်နှုန်းခန့်ရှိသော လူဦးရေ ၁၃ သန်းကျော် မဲပေးခွင့်မရတော့ခြင်း ကို ဖော်ပြနေသည်။ ရလဒ်အနေဖြင့် စစ်တပ်၏ ရွေးကောက်ပွဲတွင် နိုင်ငံသားသန်းပေါင်းများစွာသည် စိတ်ဝင်စားမှု မည်သို့ပင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ၎င်းတို့၏ အခြေခံနိုင်ငံရေး အခွင့်အရေးများ ဖြစ်သော မဲပေးပိုင်ခွင့်နှင့် ကိုယ်စားလှယ် ရွေးချယ်ခံပိုင်ခွင့် ဆုံးရှုံးခဲ့ကြရသည်။

ဤအခြေအနေတွင် ထွက်ပေါ်လာသော မဲပေးသူ ၅၄ ရာခိုင်နှုန်းရှိသည်ဟူသော အချက်အလက်ကို သတိ ကြီးစွာဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်သည်။ ဤကိန်းဂဏန်းသည် စစ်မှန်သော

---

[3] Asian Network for Free Elections (ANFREL), *Interim Report: International Election Observation Mission (IEOM) to the 2020 Myanmar General Elections* (Yangon: ANFREL, November 10, 2020), PDF file, https://anfrel.org/wp-content/uploads/2020/11/ANFREL-Interim-Report_IEOM-to-the-2020-Myanmar-General-Elections.pdf

ရွေးကောက်ပွဲဆိုင်ရာ ပါဝင်မှုကို ထင်ဟပ်စေခြင်းထက် လူဦးရေအမြောက်အမြားကို ရွေးကောက်ပွဲဖြစ်စဉ်တွင် ပါဝင်ခွင့်မရ အောင် တားဆီးထားသည့်၊ သိသိသာသာ လျှော့ချထားပြီး နယ်မြေအလိုက် စစ်ထုတ်ထားသော မဲဆန္ဒရှင် စာရင်းအပေါ် အခြေခံ၍ တွက်ချက်ထားခြင်းသာ ဖြစ်သည်။ ထို့ကြောင့် မဲဆန္ဒရှင် အခြေခံအရေအတွက် နည်းသွားခြင်းသည် မဲဆန္ဒနယ်မြေကို ပြင်ဆင်လိုက်ခြင်းမျိုးသာမကဘဲ အခြေခံအကျဆုံး ဒီမိုကရေစီ အခွင့်အရေးတစ်ခုဖြစ်သည့် နိုင်ငံသားများအနေဖြင့် ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်များကို လွတ်လပ်စွာ ရွေးချယ်နိုင်မှုအပေါ် ဖျက်ဆီးလိုက်ခြင်းလည်း ဖြစ်သည်။


**မဲပေးသူဦးရေနှင့် မဲပေးပိုင်ခွင့်ရှိသူစာရင်း**

| အပိုင်း | ရက်စွဲ | မြို့နယ် | မဲပေးခွင့်ရှိသူ | ခိုင်လုံမဲ | မဲပေးသူ (%) |
|---|---|---|---|---|---|
| **အပိုင်း ၁** | ၂၈ ဒီဇင်ဘာ ၂၀၂၅ | ၁၀၂ | ၁၁.၆ သန်း | ၆ သန်း | ၅၂.၁၃ % |
| **အပိုင်း ၂** | ၁၁ ဇန်နဝါရီ ၂၀၂၆ | ၁၀၀ | ၇.၅၉ သန်း | ၄.၂၄ သန်း | ၅၅.၉၅ % |
| **အပိုင်း ၃** | ၂၅ ဇန်နဝါရီ ၂၀၂၆ | ၆၁ | ၄.၉၄ သန်း | ၂.၇၉ သန်း | ၅၆.၄၈ % |
| **စုစုပေါင်း** | - | **၂၆၃** | **၂၄.၁၃ သန်း** | **၁၃.၀၃ သန်း** | **၅၄ % (ပျမ်းမျှ)** |

## တိုင်းရင်းသားပြည်နယ်များရှိ နယ်မြေဆိုင်ရာ ချန်လှပ်မှုများ [4]

တိုင်းရင်းသားပြည်နယ်များရှိ ချန်လှပ်မှုပုံစံများကို ကြည့်ပါက စနစ်တကျ ဖန်တီးထားခြင်းလားဟု ထင်ရ လောက်အောင် တွေ့ရှိရသည်။ ချင်းပြည်နယ်တွင် ရွေးကောက်ပွဲနယ်မြေ၏ ၈၄.၃၁ ရာခိုင်နှုန်းကို ချန်လှပ် ခဲ့ပြီး မြို့နယ် ၉မြို့နယ်အနက် ၂မြို့နယ်တွင်သာ ရွေးကောက်ပွဲ

[4] “2025 Election Coverage and Data from Myanmar,” *The Irrawaddy* (Burmese), December 27, 2025, https://burma.irrawaddy.com/news/2025/12/27/409429.html; *Democratic Voice of Burma (Burmese)*, “2025 Election Results,” https://burmese.dvb.no/2025-election; Data for Myanmar, Facebook page/posts, https://www.facebook.com/data4myanmar




ရုပ်ပုံ (၁) ရွေးကောက်ပွဲ ကျင်းပနိုင်သည့် နယ်မြေများနှင့် မကျင်းပနိုင်သည့် နယ်မြေများပြ မြေပုံ (အရင်းအမြစ် - DVB)

ကျင်းပနိုင်ခဲ့သည်။ ထို့ကြောင့် ရွေးကောက် ပွဲသည် မြို့ပြနေရာအချို့တွင်သာ ဖြစ်ပေါ် ခဲ့ပြီး ကျေးလက်နေ လူထုအများစု၏အသံကို ချန်လှပ်ထားခဲ့ သည်။ ရခိုင်ပြည်နယ်တွင် မြို့နယ် ၁၇မြို့နယ်အနက် ၃မြို့နယ်တွင်သာ ရွေးကောက်ပွဲ ကျင်းပခဲ့ပြီး ထို ၃မြို့ နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၀ရာခိုင်နှုန်း ခန့်မှာလည်း ချန်လှပ်ခြင်းခံခဲ့ရသည်။ ၎င်းရွေးကောက် ပွဲ အမှန်တကယ် ကျင်းပနိုင်သည့် အကျယ်အဝန်းသည် မြို့နယ်အရေအတွက် ပြသသည်ထက် ပိုမိုနည်းပါး ကြောင်း ညွှန်ပြနေသည်။

ကရင်နီ(ကယား)ပြည်နယ်တွင် မြို့နယ် ၇မြို့နယ်အနက် ၃မြို့နယ်ကို လုံးဝ ချန်လှပ်ခဲ့သည်။ မဲပေးမှုပြုလုပ် ခဲ့သည့် မြို့နယ် ၄မြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ် စု ၄၈.၅၇ ရာခိုင်နှုန်းမှာ ချန်လှပ်ခံခဲ့ရသည်။ ရှမ်းပြည် နယ်တွင် ၅၅ မြို့နယ်အနက် ၁၇ မြို့နယ် (၃၀.၉၁ ရာခိုင် နှုန်း)တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ပေ။ မဲပေးမှု ပြုလုပ်ခဲ့သော ၃၈မြို့နယ်အတွင်း၌ပင် ရပ်ကွက်နှင့် ကျေးရွာများ၏ ၂၅.၃၅ ရာခိုင်နှုန်းမှာ ချန်လှပ်ခြင်း ခံခဲ့ရ သည်။ ကချင်ပြည်နယ်တွင် မြို့နယ် ၁၈ မြို့နယ်အနက် ၁၂ မြို့နယ်တွင် ရွေးကောက်ပွဲ ကျင်းပခဲ့သော်လည်း ရပ်ကွက်ပေါင်း ၂၀၇ ခု (၄၃.၃၁ ရာခိုင်နှုန်း) မှာ ချန်လှပ် ခံခဲ့ရသည်။ ကရင်ပြည်နယ်တွင် ကျေးရွာအုပ်စုနှင့် ရပ်ကွက်ပေါင်း ၂၆၇ ခု (၅၇.၆၇ ရာခိုင်နှုန်း) ချန်လှပ်ခံခဲ့ သည်။ မွန်ပြည်နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၄၀ ခု (၂၈.၈၇ ရာခိုင်နှုန်း)မှာ ချန်လှပ်ခံခဲ့ရသည်။

## ရွေးချယ်ခွင့်မဲ့ မဲဆန္ဒရှင်များ

ခြုံငုံကြည့်လျှင် တိုင်းရင်းသားပြည်နယ်များတစ်လျှောက် မြို့နယ် ၄၇မြို့နယ်တွင် ရွေးကောက်ပွဲ လုံး၀ ကျင်းပနိုင်ခြင်း မရှိခဲ့ပေ။ မဲပေးမှုပြုလုပ်ခဲ့သည့် မြို့နယ်များအတွင်း၌ပင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပေါင်း ၁,၁၈၅ ခုမှာ ချန်လှပ်ခံခဲ့ရသည်။ ဤကိန်းဂဏန်းများအရ ရွေးကောက်ပွဲသည် ပထဝီဝင်အရ ရွေးချယ်မှုပြုထားပြီး ပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုခြင်းထက် အုပ်ချုပ်ရေးအရ ထိန်းချုပ်နိုင်သော နေရာလေးများတွင်သာ အဓိက စုပြုနေကြောင်း သက်သေပြနေသည်။ မြို့နယ်ကိုယ်စားပြုဟု ဆိုနိုင် သော်လည်း မြို့နယ်တွင်းရှိ နက်ရှိုင်းသောချန်လှပ်မှုများကို ဖုံးကွယ်ထားလေ့ရှိရာ ရွေးကောက်ပွဲကို ရုပ်ပြ ကျင်းပသည်ဟုသာ ဆိုနိုင်သည်။

## စစ်ကိုင်း၊ မကွေးနှင့် တနင်္သာရီတိုင်းဒေသကြီးများအတွင်းရှိ ချန်လှပ်မှုများ[5]

စနစ်တကျ ချန်လှပ်ထားသည့် ပုံစံများသည် တိုင်းရင်းသား ပြည်နယ်များသာမက ပဋိပက္ခဖြစ်ပွားရာ ဗမာ လူမျိုး အများစုရှိသည့် တိုင်းဒေသကြီးများအထိပါ ပျံ့နှံ့ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် မြို့နယ် ၃၇ မြို့နယ်အနက် ၁၂ မြို့နယ်မှာ ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း မရှိခဲ့ပေ။ ကျန်ရှိသော ၂၅ မြို့နယ်အတွင်း၌ပင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၀.၉၁ ရာခိုင်နှုန်းမှာ ချန်လှပ်ခံခဲ့ရသည်။ ၎င်းသည် ရွေးကောက်ပွဲ ကျင်းပ သည့် မြို့နယ်များအတွင်း၌ပင် လူထုအများစုမှာ မဲပေးနိုင်ခြင်း မရှိခဲ့သည်ကို ညွှန်ပြနေသည်။ ထို့ကြောင့် စစ်ကိုင်းတိုင်းရှိ ရွေးကောက်ပွဲသည် မြို့နယ်တစ်ခုလုံး အတိုင်းအတာဖြင့် မဟုတ်ဘဲ နယ်မြေအကန့်အသတ်အတွင်း၌သာ ဖြစ်ပေါ် ခဲ့သည်။

မကွေးတိုင်းဒေသကြီးတွင် ၂၅ မြို့နယ်အနက် ၅ မြို့နယ်မှာ ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ပေ။ မဲပေးမှု ပြုလုပ်ခဲ့သည့် ၂၀ မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၅၀.၈၁ ရာခိုင်နှုန်းမှာ ချန်လှပ်ခံခဲ့ရသည်။ တနင်္သာရီ တိုင်းဒေသကြီးတွင် ၁၀မြို့နယ်အနက် ၃မြို့နယ်မှာ ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ဘဲ ကျန်ရှိသော ၇ မြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၀.၂၈ ရာခိုင်နှုန်းမှာ ချန်လှပ်ခံခဲ့ရသည်။

---

[5] "2025 Election Coverage and Data from Myanmar," *The Irrawaddy* (Burmese), December 27, 2025, https://burma.irrawaddy.com/news/2025/12/27/409429.html; *Democratic Voice of Burma (Burmese)*, "2025 Election Results," https://burmese.dvb.no/2025-election; Data for Myanmar, Facebook page/posts, https://www.facebook.com/data4myanmar

ဤကိန်းဂဏန်းများအရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ပင် ရွေးကောက်ပွဲသည် နယ်မြေတစ်ခုလုံး ကို လွှမ်းခြုံနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ စစ်ကိုင်း၊ မကွေးနှင့် တနင်္သာရီတိုင်းတို့ရှိ ပုံစံများမှာ တစ်သမတ်တည်း ကွဲပြားနေသည့် မြို့နယ်အဆင့် ပါဝင်မှုရှိသော်လည်း မြို့နယ်တွင်းရှိ ချန်လှပ်မှုနှုန်းမှာ အလွန်မြင့်မားနေသည်။ လက်တွေ့အားဖြင့် ရွေးကောက်ပွဲကျင်းပနိုင်သည့် နယ်နိမိတ်သည် အကန့်အသတ်ရှိသော မြို့ပြရပ်ကွက်များသာဖြစ်ပြီး အုပ်ချုပ်ရေးအရ လုံခြုံသည်ဟုယူဆရသော နေရာ များတွင်သာ ကျင်းပနိုင်ပြီး ကျယ်ပြန့်သော ကျေးလက်ဒေသများနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများမှာ ပါဝင်နိုင်ခြင်း မရှိခဲ့ပေ။

ထို့ကြောင့် မြို့နယ်ပေါင်း ၂၆၃ ခု အနက် ၆၇ မြို့နယ်၊ ရပ်ကွက် ၂၁၆ ခုနှင့် ကျေးရွာအုပ်စု ၃,၆၈၂ ခုတွင်သာ မဲပေးမှုများ ပြုလုပ်နိုင်ခဲ့သည်။ [6]ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ရွေးကောက်ပွဲ ဖျက်သိမ်း ရွှေ့ဆိုင်းခြင်း မှာ ယခင်က ရှိခဲ့ဖူးသော်လည်း လုံခြုံရေးအရ မြို့နယ် ၁၅ မြို့နယ်၊ ရပ်ကွက် ၁၈ ခုနှင့် ကျေးရွာ အုပ်စု ၅၈၉ ခုတွင် မဲပေးမှုကို ရွှေ့ဆိုင်းခဲ့သည့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲထက် သိသိသာသာ ပိုမို များပြားခဲ့သည်။ [7]ဤချန်လှပ်မှုများအပြင် အာဏာပိုင်များသည် သတ်မှတ်ထားသော မဲပေးရက် မတိုင်မီ သုံးရက်အလို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် မံစီနှင့် မိုးမောက်မြို့နယ်များအတွက် နောက်ဆုံး အချိန်မှ ဖျက်သိမ်းကြောင်း ကြေညာခဲ့သည်။ နယ်မြေကန့်သတ်ချက်များ၏ ပမာဏနှင့် ဤဆုံးဖြတ်ချက် များ၏ အချိန်ကာလတို့ကြောင့် မဲပေးသည့်နေ့ မတိုင်မီကတည်းက မဲဆန္ဒရှင်များ ပါဝင်နိုင်သည့် မဲဆန္ဒ နယ်အရေအတွက်ကိုလည်း လျော့နည်းစေခဲ့သည်။

ခြုံငုံကြည့်လျှင် ဤအချက်အလက်များသည် အကန့်အသတ်ကြီးမားစွာရှိနေသည့် ရွေးကောက်ပွဲဆိုင်ရာ အခင်းအကျင်းကို ဖော်ပြနေသည်။ တိုင်းရင်းသားပြည်နယ်များနှင့် ပဋိပက္ခဖြစ်ပွားရာ မြန်မာနိုင်ငံ၏ အလယ်ပိုင်းဒေသများ နှစ်ခုစလုံးတွင် မြို့နယ်တစ်ခုလုံးကို ချန်လှပ်ထားခြင်းများ ရှိခဲ့သည်။ ရွေးကောက် ပွဲကျင်းပသည့် မြို့နယ်များအတွင်း၌ပင် သိသာထင်ရှားသော ရပ်ကွက်နှင့် ကျေးရွာအုပ်စု အချိုးအစား များမှာ မဲပေးခြင်း မပြုလုပ်နိုင်ခဲ့ကြပေ။

---

[6] "2025 Election Coverage and Data from Myanmar," *The Irrawaddy* (Burmese), December 27, 2025, https://burma.irrawaddy.com/news/2025/12/27/409429.html; *Democratic Voice of Burma (Burmese)*, "2025 Election Results," https://burmese.dvb.no/2025-election; Data for Myanmar, Facebook page/posts, https://www.facebook.com/data4myanmar

[7] International Institute for Democracy and Electoral Assistance (International IDEA), *"2020 General Election in Myanmar: Fact Sheet,"* July 14, 2020, PDF file, https://www.idea.int/sites/default/files/news/news-pdfs/2020-General-Election-in-Myanmar-Fact-Sheet_14-July-2020.pdf

မြို့နယ်တစ်ခုလုံးကို ချန်လှပ်ခြင်းနှင့် မြို့နယ်အတွင်း တစ်စိတ်တစ်ပိုင်းကို ချန်လှပ်ခြင်း ဟူသော အဆင့် နှစ်ဆင့်ရှိသည့် ချန်လှပ်မှုသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲဆန္ဒရှင်စာရင်း ၃၅ ရာခိုင်နှုန်း လျော့နည်းသွားမှုနှင့် ပေါင်းစပ်ကြည့်ပါက ရွေးကောက်ပွဲ၏ တရားဝင်မှုသည် များစွာ မေးခွန်းထုတ်စရာ ပင် ဖြစ်သည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဒီမိုကရေစီ နည်းကျဆောင်ရွက်သည့် လုပ်ငန်းစဉ်မျိုးမဟုတ်ဘဲ ဟန်ပြလုပ်ငန်းစဉ်တစ်ခုအဖြစ်သာ ရှိခဲ့သည်။ ၎င်းရွေးကောက်ပွဲကျင်းပနိုင်ခြင်းသည် စစ်တပ်၏ အုပ်ချုပ်ရေးယန္တရား အမှန်တကယ် လွှမ်းမိုးနိုင်မှု အကန့်အသတ်များကို ထင်ဟပ်နေပြီး ပါဝင်ဆောင်ရွက်မှုထက် ချန်လှပ်မှုများကသာ ပိုမိုထင်ရှားနေ သည့် ရွေးကောက်ပွဲတစ်ရပ်ကို ဖန်တီးပေးခဲ့သည်။

## တော်လှန်ရေးအင်အားစုများ၏ ကန့်ကွက်မှု၊ နယ်မြေစိုးမိုးမှုနှင့် ရွေးကောက်ပွဲ အကြိုကာလ အခြေအနေ

ရွေးကောက်ပွဲ အကြိုကာလတွင် တော်လှန်ရေးအင်အားစုများ၏ ကန့်ကွက်မှုများသည် နိုင်ငံရေးအခြေ အနေကို သိသာစွာ ပုံဖော်ခဲ့သည်။ ၂၀၂၅ ခုနှစ်နှောင်းပိုင်းတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း များနှင့် တော်လှန်ရေးမဟာမိတ်များသည် နိုင်ငံအနှံ့အပြားတွင် နယ်မြေစိုးမိုးမှုကို ခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ကြပြီး ၎င်းတို့ထိန်းချုပ်ရာ ဒေသများတွင် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ တရားဝင် မှုနှင့် စီမံအုပ်ချုပ်ရေးထိရောက်စွာ ကျင့်သုံးနိုင်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် စစ်တပ်က စီစဉ်သည့် ရွေးကောက်ပွဲကို ငြင်းပယ်ခြင်းမှာ နှုတ်အားဖြင့်သာမကဘဲ ရွေးကောက်ပွဲ လုံးဝကျင်းပ၍မရနိုင်သော နယ်မြေများအပေါ် လက်တွေ့ကျကျ စိုးမိုးထားနိုင်မှုအပေါ် အခြေခံထားခြင်း ဖြစ်သည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နယ်မြေစိုးမိုးမှုကို ကြည့်ပါက မြန်မာစစ်တပ်သည် မြို့နယ် ၃၅၀ အနက် ၂၅၇ မြို့နယ် (နိုင်ငံ၏ ၅၂ ရာခိုင်နှုန်းခန့်) တွင်သာ အပြည့်အဝ စိုးမိုးမှုရှိတော့သည်။ တစ်ဖက်တွင်လည်း ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီး အချိန်မှစ၍ တော်လှန်ရေးအင်အားစုများက မြို့ပေါင်း ၉၁ မြို့ကို တိုက်ခိုက် သိမ်းပိုက်ထားနိုင်ခဲ့သည်။ ဤကိန်းဂဏန်းများသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရွေးကောက်ပွဲ ကျင်းပရန် စစ်တပ်၏ နယ်မြေစိုးမိုးမှုနှင့် အုပ်ချုပ်ရေး စွမ်းဆောင်ရည် အကန့်အသတ်ရှိနေသည်ကို မီးမောင်းထိုးပြနေသည်။ စစ်တပ်သည် နိုင်ငံအတွင်းရှိ မြို့နယ် ထက်ဝက်ကျော်ကို တရားဝင် ထိန်းချုပ် ထားသည်မှာ အရေအတွက်အားဖြင့်

များပြားသည်ဟု ထင်ရသော်လည်း မြို့ပေါင်းများစွာကို လက်လွှတ် ခဲ့ရခြင်းနှင့် စစ်တပ်၏ အုပ်ချုပ်ရေးလွှမ်းမိုးနိုင်မှုများ လျော့ပါးလာခြင်းက ရွေးကောက်ပွဲကို တစ်ပြေးညီ အကောင်အထည်ဖော်ရန် စစ်တပ်၏ စွမ်းဆောင်ရည်အပေါ် ကြီးမားသော အဟန့်အတားများ ဖြစ်စေခဲ့ သည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် Multi-Ethnic Council - MEC အဖွဲ့ဝင်များသည် စစ်ကိုင်း ဖက်ဒရယ်ယူနစ် တော်လှန်ရေးအင်အားစုများနှင့် မန္တလေးနိုင်ငံရေးစကြံ ဖြစ်မြောက်ရေးအဖွဲ့နှင့်အတူ ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး စစ်တပ်က စီစဉ်သည့် ရွေးကောက်ပွဲကို ငြင်းပယ်ကြောင်း နှင့် နိုင်ငံတကာအနေဖြင့်လည်း ဤလုပ်ငန်းစဉ်ကို အသိအမှတ်မပြုရန် တောင်းဆိုခဲ့ကြသည်။[8] ဤထုတ် ပြန်ချက်သည် နယ်မြေအမြောက်အမြားကို လက်တွေ့စိုးမိုးထားသည့် သို့မဟုတ် လွှမ်းမိုးမှုသြဇာရှိသည့် အဓိကတိုင်းရင်းသားတော်လှန်ရေး အင်အားစုများအကြား စုစည်းထားသော ဘုံသဘောထားကို ရောင် ပြန်ဟပ်နေသည်။ MEC အဖွဲ့ဝင်များထဲတွင် ကရင်နီပြည်နယ်အတွင်း နယ်မြေစိုးမိုးမှုနှင့် သြဇာရှိသည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် ကရင်နီပြည် အတိုင်ပင်ခံကောင်စီ (KSCC) တို့ ပါဝင် သည်။ ထို့အပြင် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ တအာင်းပြည်ကောင်စီ၊ မွန်ပြည်နယ်မှ မွန်ပြည် သစ်ပါတီ (စစ်အာဏာရှင်တိုက်ဖျက်ရေး - NMSP-AD)၊ မွန်ပြည်ဖက်ဒရယ်ကောင်စီ (MSFC)၊ ချင်းပြည် နယ်မှ ချင်းအမျိုးသားတပ်ဦး (CNF)၊ ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (PNFC)၊ လားဟူဒီမိုကရက် တစ်အစည်းအရုံးနှင့် အမျိုးသမီးများအဖွဲ့ချုပ်-မြန်မာနိုင်ငံ(WLB)တို့လည်း ထိုထုတ်ပြန်ချက်တွင် ပါဝင်ခဲ့ ကြသည်။

စက်တင်ဘာ ၂၅ ရက်နေ့မှာပင် ချင်းညီနောင် (Chin Brotherhood) က သီးခြားကြေညာချက်တစ် စောင် ထုတ်ပြန်ခဲ့ပြီး စစ်တပ်၏ ရွေးကောက်ပွဲကို ကန့်ကွက်ကြောင်းနှင့် ဤလုပ်ငန်းစဉ်သည် ပြည်သူ့ ဆန္ဒမပါဘဲ တရားမဝင် ဖန်တီးထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။[9] ထိုထုတ်ပြန်ချက်တွင် ချင်းတိုင်း ရင်းသားလက်နက်ကိုင်များ ထိန်းချုပ်ထားသော နယ်မြေများအတွင်း စစ်တပ်က ဦးဆောင်သည့် မည်သည့်ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကိုမဆို

[8] Karen National Union (Facebook page), Facebook post, September 30, 2025, "အာဏာသိမ်းအကြမ်းဖက်စစ်တပ်၏ တရားမဝင်အတုအယောင် ရွေးကောက်ပွဲအပေါ် တိုင်းရင်းသားလူမျိုးများကောင်စီ (Multi Ethnic Councils – MEC) နှင့် ဖက်ဒရယ်ယူနစ်အဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်ကြေညာချက်," Facebook, https://www.facebook.com/KNUHQKTL/posts/pfbid0yMRqyg6mkqF6WBwjt4o6n8AeNsgZjBZ2EsXqQNpiFDdZNRuGLaJcGeiMfio9qGnLl?mibextid=wwXIfr&rdid=yvDrKYHPvsPi4KVW#

[9] "Chin Brotherhood Vows to Block Myanmar Junta's Planned Election," *Mizzima* (English), September 29, 2025, https://eng.mizzima.com/2025/09/29/26780

ပြုလုပ်ရန် ကြိုးပမ်းမှုကို ပြတ်ပြတ်သားသား တားမြစ်ခဲ့ သည်။ ချင်းပြည်နယ်တွင် ချင်းအမျိုးသားတပ်ဦး၊ ချင်းလဲန်းကောင်စီ (CNF/Chinland Council) နှင့် ချင်းညီနောင် (Chin Brotherhood) တို့သည် စုပေါင်း၍ ချင်းပြည်နယ်၏ ၈၀ ရာခိုင်နှုန်းကျော်ကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ မြန်မာစစ်တပ်အနေဖြင့် ဟားခါး၊ တီးတိန်နှင့် ခိုင်ကမ်းမြို့နယ်ခွဲတို့တွင်သာ အမိကစိုးမိုးမှုရှိခဲ့သည်။ ရလဒ်အနေဖြင့် စစ်တပ်သည် ၎င်း၏အာဏာစက် သက်ရောက်သည့် ထိုကန့်သတ်နယ်မြေအနည်းငယ်အတွင်း၌သာ ရွေးကောက်ပွဲကို လက်တွေ့ကျကျ ကျင်းပနိုင်ခဲ့သည်။ ချင်းပြည် နယ်၏ နေရာအတော်များများတွင် တော်လှန်ရေးအင်အားစုများက ရွေးကောက်ပွဲကို ကန့်ကွက်ခဲ့ကြပြီး အကောင်အထည်ဖော်နိုင်ခြင်းမရှိစေရန် ထိရောက်စွာ တားဆီးနိုင်ခဲ့သည်။ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၏ ခေါင်းဆောင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် တအာင်းပြည်ကောင်စီက ရွေးကောက်ပွဲကို ဆန့်ကျင်ကန့်ကွက်ကြရန် အများပြည်သူ ကို လူသိရှင်ကြား တိုက်တွန်းခဲ့သည်။ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်သည် ရှမ်းပြည် နယ်မြောက်ပိုင်းရှိ မြို့ပေါင်း အနည်းဆုံး ၇မြို့ကို ထိန်းချုပ်ထားပြီး ထိုထိန်းချုပ်နယ်မြေများအတွင်း ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်း မရှိခဲ့ပေ။[10]

အလားတူပင် မြို့ပေါင်း အနည်းဆုံး ၆မြို့ကို ထိန်းချုပ်ထားပြီး ဗန်းမော်၊ ဖားကန့်၊ ဝိုင်းမော်နှင့် မြစ်ကြီး နားမြို့ ပတ်ဝန်းကျင်ဒေသများ အပါအဝင် ကချင်ပြည်နယ်၏ နေရာအတော်များများတွင် လွှမ်းမိုးမှုရှိ သည့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ကလည်း ဤရွေးကောက်ပွဲကို အတုအယောင်အဖြစ် ဖော်ပြကာ ကန့်ကွက်ခဲ့သည်။ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇မြို့နယ်အနက် ၁၄မြို့နယ်ကို ထိန်းချုပ်ထား သည့် အာရက္ခတပ်တော်(AA)ကလည်း ၎င်းတို့၏ နယ်မြေများအတွင်း မဲပေးခြင်းကို ခွင့်ပြုမည်မဟုတ် ကြောင်း ကြေညာခဲ့သည်။[11]

ဤဖြစ်ရပ်များသည် အမိကတိုင်းရင်းသားတော်လှန်ရေး အင်အားစုများအနေဖြင့် ရွေးကောက်ပွဲကို ငြင်းပယ်ရာတွင် ခိုင်မာပြီး ဟန်ချက်ညီသော ရပ်တည်ချက်ကို ကျင့်သုံးခဲ့ကြကြောင်း သက်သေပြနေ သည်။ ၎င်းတို့၏ ကန့်ကွက်မှုသည် လက်တွေ့ကျသော နယ်မြေစိုးမိုးမှုအပေါ် အခြေခံထားသဖြင့် တိုင်းရင်းသားပြည်နယ်များ၏ ကျယ်ပြန့်သောနယ်မြေများတွင် စစ်တပ်၏

[10] Ta'ang Land Council (Facebook page), Facebook post, December 7, 2025, "(၂၇၁၇) ပြည့်နှစ် တအာင်းနှစ်သစ်ကူးမင်္ဂလာကြိုဆို ဂုဏ်ပြုလွှာ," Facebook, https://www.facebook.com/permalink.php?story_fbid=pfbid0aXt1aTzNvW7Q9PGKoGR5mXZcHWMGKXZqtF5uRnjf8PzMGhgFdmeovDNWfWwqVaU6l&id=100072494673782

[11] "Ethnic Armies Vow to Thwart Myanmar Junta's Election," *The Irrawaddy*, August 15, 2025, https://www.irrawaddy.com/news/burma/ethnic-armies-vow-to-thwart-myanmar-juntas-election.html

အုပ်ချုပ်ရေးယန္တရား မရောက်ရှိနိုင်အောင် ကန့်သတ်နိုင်ခဲ့သည်။ ထိုဒေသအများစုတွင် မဲပေးခြင်း မပြုလုပ်နိုင်ရခြင်းမှာ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများကြောင့်သာမဟုတ်ဘဲ မြေပြင်ရှိ နိုင်ငံရေးနှင့် စစ်ရေး အခြေအနေများကြောင့်လည်းဖြစ်သည်။

နယ်မြေစိုးမိုးမှုများအပြင် အများပြည်သူ၏ လှုပ်ရှားမှုများသည်လည်း ပြန့်နှံ့နေသော ကန့်ကွက်မှုများကို ပိုမိုထင်ရှားစေခဲ့သည်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အတုအယောင် ရွေးကောက်ပွဲ ဆန့်ကျင်ရေး လူကိုယ်တိုင်ပါဝင်သည့် ဆန္ဒပြပွဲပေါင်း ၁၂၉ ခုထက်မနည်း မှတ်တမ်းတင်နိုင်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် အနည်းဆုံး ၉၉ ကြိမ်ဖြင့် အများဆုံး ဖြစ်ပွားခဲ့ပြီး ၎င်းနောက်တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ပါဝင်ခဲ့သည်။[12]

မြန်မာစစ်တပ်၏ နယ်မြေစိုးမိုးမှု အကန့်အသတ်ရှိနေခြင်း (နိုင်ငံရှိ မြို့နယ်ထက်ဝက်ခန့်သာ ထိန်းချုပ်နိုင် ခြင်း)၊ တော်လှန်ရေးအင်အားစုများက မြို့ပေါင်း ၉၁မြို့ကို သိမ်းပိုက်ထားခြင်း၊ အဓိက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ဟန်ချက်ညီသော ငြင်းပယ်မှုများနှင့် အများပြည်သူ၏ ဆက်တိုက်ဆန္ဒ ပြမှုများ ပေါင်းစပ်လိုက်သောအခါ ရွေးကောက်ပွဲအကြိုကာလသည် ထိန်းချုပ်လွှမ်းမိုးနိုင်မှု စွမ်းရည် အကန့်အသတ်များနှင့် ကျယ်ပြန့်သော ကန့်ကွက်မှုများဖြင့်သာ ပြည့်နှက်နေခဲ့သည်။ [13]ဗမာလူမျိုး အများစုရှိရာ ဒေသများနှင့် တိုင်းရင်းသားပြည်နယ်များ နှစ်ခုစလုံးတွင် စစ်တပ်၏ ရွေးကောက်ပွဲအပေါ် ဆန့်ကျင်မှုများကို ပြသခဲ့ကြရာ ၎င်းသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရွေးကောက်ပွဲ အကောင်အ ထည်ဖော်ရန်အတွက် ဖွဲ့စည်းပုံဆိုင်ရာနှင့် တရားဝင်မှုဆိုင်ရာ အကျပ်အတည်းများကို ဖြစ်ပေါ်စေခဲ့သည်။

---

[12] ACLED (Armed Conflict Location & Event Data Project), *ACLED Data for Myanmar,* accessed [February 28, 2026], https://www.acleddata.com.

[13] Myanmar Peace Monitor (MPM), "တော်လှန်ရေးတပ်ဖွဲ့များ သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့များ," February 22, 2026, https://mmpeacemonitor.org/my/mmr-ongoing-dashboard/; COAR Global, *Actors and Control Tracker*, accessed February 26, 2026, https://coar-global.org/actors-and-control-tracker

## ပြိုင်ဘက်မရှိသည့် အမတ်နေရာများနှင့် အလိုအလျောက် အနိုင်ရရှိမှုများ

စစ်တပ်က စီစဉ်သည့် ရွေးကောက်ပွဲသည် ပြိုင်ဘက်မရှိသည့် မဲဆန္ဒနယ်များရှိနေခြင်းကြောင့် ပိုမို အတားအဆီးဖြစ်စေခဲ့သည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကိုယ်စားလှယ်လောင်း တစ်ဦးတည်းသာ ရှိသည့် မဲဆန္ဒနယ် ၃၁ ခုရှိခဲ့ သည်။ ရွေးကောက်ပွဲ ဥပဒေအရ မဲဆန္ဒနယ် တစ်ခုတွင် ကိုယ်စားလှယ်လောင်း တစ်ဦးတည်းသာ ရှိပါက မဲပေးခြင်း ပြုလုပ်ရန် မလိုဘဲ ၎င်းကိုယ်စားလှယ်လောင်းကို အလိုအလျောက် အနိုင်ရရှိသူအဖြစ် ကြေညာရမည် ဖြစ်သည်။ ထိုမဲဆန္ဒနယ် ၃၁ ခု အနက် ၂၈ ခုကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) က အနိုင်ရရှိခဲ့ပြီး၊ ကျန်ရှိသော ပြိုင်ဘက်မရှိ အမတ်နေရာ တစ်နေရာစီကို ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP)၊ ဝအမျိုးသားပါတီ (WNP) နှင့် အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ANDP) တို့က အသီးသီး ရရှိခဲ့သည်။ ရလဒ်အနေဖြင့် အမတ်နေရာ ၃၀ နီးပါးမှာ ရွေးကောက်ပွဲ ကျင်းပသည့်နေ့ မတိုင်မီကတည်းက အဖြေထွက်ပြီးသား ဖြစ်နေခဲ့သည်။ ဤအခြေအနေသည် ဥပဒေ ဘောင်နှင့် ကိုက်ညီနေသည်ဟု ဆိုနိုင်သော်လည်း၊ ပြိုင်ဘက်မရှိသည့် မဲဆန္ဒနယ်များ များပြား နေခြင်းသည် မဲဆန္ဒရှင်များ၏ ရွေးချယ်ပိုင်ခွင့်ကို ကန့်သတ်လိုက်ခြင်းဖြစ်သည်။

### ပါတီမှတ်ပုံတင်ခြင်းဆိုင်ရာ မူဘောင်နှင့် ဖွဲ့စည်းပုံဆိုင်ရာ အသာစီးရယူမှုများ[14]

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေသည် ပါတီမှတ်ပုံတင်ရန်နှင့် ဆက်လက်တည်ရှိရန်အတွက် တင်းကျပ်သော စည်းကမ်းချက်များကို ပြဋ္ဌာန်းခဲ့သည်။ အပိုဒ် ၃(စ) အရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့်ပါတီသည် မှတ်ပုံတင်ပြီး ရက်ပေါင်း ၉၀အတွင်း ပါတီဝင်အင်အား အနည်းဆုံး ၁၀၀,၀၀၀(တစ်သိန်း)ကို စုဆောင်းရန် လိုအပ်သည်။ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်တွင်သာ ဆောင်ရွက်မည့် ပါတီများသည် ထိုကာလအတွင်း ပါတီဝင်အင်အား အနည်းဆုံး ၁,၀၀၀ စုဆောင်းရမည် ဖြစ်သည်။ အပိုဒ် ၃(ဧ) တွင် တစ်နိုင်ငံလုံးအဆင့် ပါတီများသည် မှတ်ပုံတင်ပြီး ရက်ပေါင်း ၁၈၀ အတွင်း မြို့နယ်အားလုံး၏ အနည်းဆုံး ထက်ဝက်တွင် ရုံးခန်းများဖွင့်လှစ်ရန် လိုအပ်ပြီး ပြည်နယ် သို့မဟုတ်

[14] "Political Parties Registration Law," *Ministry of Information (Republic of the Union of Myanmar)*, State Administration Council Law No. 15/2023, January 26, 2023, https://www.moi.gov.mm/moi:eng/laws/9320

တိုင်းဒေသကြီးအဆင့် ပါတီများသည် ထိုကာလအတွင်း အနည်းဆုံး ရုံးခန်း ၅ခု ဖွင့်လှစ်ရန် လိုအပ်သည်။

ဤပြဋ္ဌာန်းချက်များသည် အဖွဲ့အစည်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ အတားအဆီးများကို မြင့်မားစွာ ဖြစ်ပေါ်စေခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် စစ်တပ်က ကျောထောက်နောက်ခံပြု တည်ထောင်ခဲ့သည့် လူထုအ ခြေပြုအဖွဲ့အစည်းဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသွင်ပြောင်းလဲ ဖွဲ့စည်းခဲ့ သည့် USDP ပါတီသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ပြန့်သော အဖွဲ့ဝင်ကွန်ရက်များနှင့် ရုံးခန်း များကို အစောကတည်းက ပိုင်ဆိုင်ထားပြီးဖြစ်သည်။ အလားတူပင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီ (NUP) သည်လည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ အမွေခံပါတီဖြစ်သည့်အလျောက် ၂၀၁၅ နှင့် ၂၀၂၀ ရွေးကောက်ပွဲများတွင် အောင်မြင်မှု အကန့်အသတ် ရှိခဲ့သော်လည်း ယခင်အစိုးရဟောင်း များနှင့် သမိုင်းကြောင်းအရ ဆက်နွယ်မှုရှိခဲ့ခြင်းကြောင့် ရုံးခန်းနှင့် ပါတီဝင်အရေအတွက်ကို ဆက်လက် ထိန်းသိမ်းထားနိုင်ခဲ့သည်။

တစ်ဖက်တွင်လည်း အဖွဲ့ဝင်အင်အားနှင့် ရုံးခန်းဖွင့်လှစ်မှုဆိုင်ရာ သတ်မှတ်ချက်များ မပြည့်မီခြင်း ကြောင့် နိုင်ငံရေးပါတီ အတော်များများမှာ ဖျက်သိမ်းခြင်းခံခဲ့ရသည်။ ယင်းတို့အထဲတွင် အမျိုးသားဒီမို ကရေစီအင်အားစု (NDF)၊ အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ (DNP)၊ အမျိုးသမီးပါတီ(မွန်)နှင့် ပြည်ထောင်စု တောင်သူလယ်သမားနှင့် အလုပ်သမား အင်အားစုပါတီတို့ ပါဝင်သည်။ [15]ဤပြဋ္ဌာန်းချက် များကို အတင်းအကျပ် ကျင့်သုံးခြင်းသည် ရွေးကောက်ပွဲ မဲဆွယ်ကာလ မစတင်မီကတည်းက ဥပဒေ အရ မှတ်ပုံတင်ထားသည့် ပြိုင်ဘက်အရေအတွက်ကို လျော့ကျသွားစေခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် ပြည်ထောင်စုအဆင့် ပါတီများအဖြစ် အသိအမှတ်ပြုခံရသည့် ပါတီအရေအတွက်မှာ အလွန်နည်းပါး သွားပြီး စစ်တပ် ဝန်ကြီးဟောင်းနှင့် အငြိမ်းစားရဲချုပ် ဦးခင်ရီ ဦးဆောင်သည့် USDP၊ ဒေါက်တာသက် သက်ခိုင် (စစ်တပ် ဝန်ကြီးဟောင်း) ဦးဆောင်သည့် ပြည်သူ့ရှေ့ဆောင်ပါတီ (PPP)၊ ပြည်သူ့ပါတီ (PP)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP)၊ မြန်မာ့တောင်သူလယ်သမားဖွံ့ဖြိုးရေးပါတီ (MFDP) နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP) တို့ဖြစ်သည်။ ဤအခြေအနေသည်

[15] CNI News, "Four Parties Including NDF Whose Candidate Daw Sandar Min Dissolved by UEC," *CNI Myanmar*, September 11, 2025, https://cnimyanmar.com/index.php/english-edition/31450-four-parties-including-ndf-whose-candidate-daw-sandar-min-dissolved-by-uec

ယခင် ရွေးကောက်ပွဲများနှင့် နိုင်းယှဉ်ပါက ပါဝင်သည့် ပါတီကြီးများ နည်းသထက်နည်းလာသည်ကို ဖော်ပြနေ သည်။

အပိုဒ် ၁၂(က)(၁) တွင် ပါတီအဖြစ် ဆက်လက် ရပ်တည်နိုင်ရန်အတွက် တစ်နိုင်ငံလုံးအဆင့် ပါတီများ သည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးရေးရာ မဲဆန္ဒနယ်များအပါအဝင်) အဆင့်များရှိ မဲဆန္ဒနယ် အားလုံး၏ အနည်းဆုံး ထက်ဝက်တွင် ဝင်ရောက် ယှဉ်ပြိုင်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ဤသတ်မှတ်ချက်ကို မပြည့်မီပါက ဥပဒေအရ အသိအမှတ်ပြုခြင်းမှ ပယ်ဖျက်ခြင်း ခံရမည်ဖြစ်သည်။ နယ်မြေအပြောင်းအလဲများ ချုပ်ကိုင်ထားရခြင်းနှင့် အရင်းအမြစ် အကန့်အသတ်ရှိနေခြင်းတို့ကြောင့် ဤသတ်မှတ်ချက်သည် တစ်နိုင်ငံလုံး ဆိုင်ရာ ဖွဲ့စည်းပုံယန္တရားများမရှိသည့် ပါတီများအပေါ် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ သိသာထင်ရှားသော ဖိအားများကို ဖြစ်ပေါ်စေခဲ့သည်။ အပိုဒ် ၁၂(က)(၅) တွင် သောင်းကျန်းသူအဖွဲ့များ၊ အကြမ်းဖက်အဖွဲ့အ စည်းများ သို့မဟုတ် မတရားအသင်းများအဖြစ် သတ်မှတ်ထားသော အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဖြစ် စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်းကို တားမြစ်ထားသည်။ လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများနှင့် တော်လှန်ရေးအဖွဲ့အစည်း အမြောက်အမြားကို အဆိုပါအမျိုးအစားများအောက်တွင် သတ်မှတ်ထားခြင်းကြောင့် ဤပုဒ်မသည် ပဋိပက္ခဖြစ်ပွားရာဒေသများတွင် လှုပ်ရှားနေသည့် ပါတီများ အတွက် ဥပဒေကြောင်းအရ အန္တရာယ် ရှိစေခဲ့သည်။

အပိုဒ် ၁၉(က) တွင် ပါတီတစ်ခုသည် မိမိဆန္ဒအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ သို့မဟုတ် မှတ်ပုံတင် ခြင်း ပယ်ဖျက်ခံရလျှင်ဖြစ်စေ ၎င်းတို့ပိုင်ဆိုင်သည့် ပစ္စည်းများကို အစိုးရက သတ်မှတ်ထားသော ဌာန သို့မဟုတ် အဖွဲ့အစည်းထံသို့ လွှဲပြောင်းပေးအပ်ရမည်ဟု ထပ်မံ ပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်သည် မှတ်ပုံတင် ပယ်ဖျက်ခံရခြင်းအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ နောက်ဆက်တွဲ အကျိုးဆက်များကို ဖြစ်ပေါ် စေခဲ့ပြီး ကန့်သတ်ချက်များပြားသော အခြေအနေများအောက်တွင် ဥပဒေကို လိုက်နာရန် ပျက်ကွက်ပါ က ဆုံးရှုံးနိုင်ခြေများကို ပိုမို မြင့်မားသွားစေခဲ့သည်။[16]

[16] “Political Parties Registration Law,” *Ministry of Information (Republic of the Union of Myanmar)*, State Administration Council Law No. 15/2023, January 26, 2023, https://www.moi.gov.mm/moi:eng/laws/9320

## အဖွဲ့အစည်းဆိုင်ရာ ဟန်ချက်ညီမှုနှင့် ကိုယ်စားလှယ်လောင်း ချထားမှု

ရွေးကောက်ပွဲအကြိုကာလ အခြေအနေသည် စစ်တပ်နှင့် USDP ပါတီတို့အကြား ဆက်ဆံရေးအပေါ် တွင်လည်း အခြေခံ၍ ပုံဖော်ခဲ့သည်။ ရွေးကောက်ပွဲမတိုင်မီတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်း အင်အား ၄၈၉ ဦးခန့်ကို USDP ပါတီသို့ ပြောင်းရွှေ့ပေးခဲ့သည်။ ထိုအုပ်စုတွင် ဗိုလ်ချုပ်ကြီးတစ်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ၆ ဦး၊ ဗိုလ်ချုပ် ၁၂ ဦး၊ အလတ်တန်းစားအရာရှိများ (ဗိုလ်မှူးချုပ်၊ ဗိုလ်မှူးကြီးနှင့် ဒုတိယဗိုလ်မှူးကြီးများ အပါအဝင်) ၃၀၀ ခန့်၊ ဗိုလ်ကြီးနှင့် ဗိုလ်မှူး ၁၁၀ ဦးနှင့် နောက်ထပ် စီမံခန့်ခွဲရေး ဝန်ထမ်း ၆၀ ဦးတို့ ပါဝင်ကြောင်း သတင်းများအရ သိရသည်။[17]

ထင်ရှားကျော်ကြားသည့် စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် စစ်ဘက်အရာရှိဟောင်း အမြောက်အမြားသည် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းအဆင့် မဲဆန္ဒနယ်များတွင် USDP ပါတီ ကိုယ်စားပြု၍ ဝင်ရောက်ယှဉ် ပြိုင်ခဲ့ကြသည်။ ယင်းတို့တွင် အောင်လင်းဒွေး၊ မြထွန်းဦးနှင့် ဝန်ကြီးတင်အောင်ဆန်းတို့ကဲ့သို့သော အဆင့်မြင့်အရာရှိကြီးများအပြင် အငြိမ်းစားဒုတိယဗိုလ်ချုပ်ကြီး အများအပြားလည်း ပါဝင်သည်။ ကိုယ်စားလှယ်လောင်းများကို မဟာဗျူဟာအရ အရေးပါသည့် မဲဆန္ဒနယ်များတွင် ဖြန့်ကျက်ချထားခဲ့ သည်။ နေပြည်တော်တွင် USDP ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးဟောင်း ဦးခင်ရီက ဇေယျာသီရိမြို့နယ် တွင် ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် တင်အောင်ဆန်းက ဥတ္တရသီရိမြို့နယ် တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အခြားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြစ်သည့် ဗိုလ်ချုပ်ဟောင်းများနှင့် အစိုးရအဖွဲ့ဝင်ဟောင်းများကိုလည်း ပြင်ဦးလွင်၊ စစ်ကိုင်း၊ မကွေး၊ မအူပင်နှင့် ပေါက်ခေါင်း စသည့် အဓိကကျသော မြို့နယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်စေခဲ့သည်။ လက်ရှိ တာဝန်ထမ်းဆောင်နေသော အရာရှိများ၊ မကြာသေးမီကမှ ပြောင်းရွှေ့လာသည့် အရာရှိများနှင့် လက်ရှိ အစိုးရအဖွဲ့ဝင်များ ကိုယ်တိုင် ပါဝင်လာခြင်းသည် စစ်ဘက်အုပ်ချုပ်ရေး ယန္တရားနှင့် ပါတီ၏ ရွေးကောက်ပွဲဆိုင်ရာ မဟာဗျူဟာအ ကြား အဖွဲ့အစည်းဆိုင်ရာ နီးကပ်စွာ ဆက်နွှယ်နေမှုကို ပြသနေသည်။

---

[17] "ပြည်ခိုင်ဖြိုးပါတီသို့ အကြမ်းဖက်စစ်တပ်က ဗိုလ်ချုပ်ကြီးအဆင့်မှ အောက်ခြေအဆင့်ထိ အမတ်လောင်း ၅၀၀ ခန့်၏စာရင်းပေးပို့," *Burmese Narinjara*, September 17, 2025, https://burmese.narinjara.com/local-news/detail/68ca4d448e07c5a80b00a5c4

ရွေးချယ်ခွင့်မဲ့ မဲဆန္ဒရှင်များ

## ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိသော နိုင်ငံရေးပါတီကြီးများ

၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ ယှဉ်ပြိုင်မှု အခြေအနေသည် ယခင်ရွေးကောက်ပွဲများတွင် သိသာထင်ရှားသော အောင်မြင်မှုများ ရရှိခဲ့ဖူးသည့် နိုင်ငံရေးပါတီကြီးများ အပါအဝင် ထင်ရှားသော ပါတီများ ဖျက်သိမ်းခံရခြင်းနှင့် ပါဝင်ခြင်း မရှိခြင်းတို့ကြောင့် မဲမပေးမီကတည်းကပင် သိသိသာသာ ပြောင်းလဲသွားခဲ့သည်။ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် စစ်တပ်၏ ရွေးကောက်ပွဲကော်မရှင်သည် ပြင်ဆင်ထားသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ သတ်မှတ်ထားသည့် မှတ်ပုံတင်ခြင်း ဆိုင်ရာ လိုအပ်ချက်များကို မပြည့်မီခြင်းကြောင့် နိုင်ငံရေးပါတီ ၄၀ကို ဖျက်သိမ်းခဲ့သည်။ [18]ထိုပါတီအ များစုမှာ စစ်တပ်က ချမှတ်ထားသော ကန့်သတ်ချက်များအောက်တွင် မှတ်ပုံတင်ရန် မပြုလုပ်ဘဲ ၎င်းတို့ အသိအမှတ်မပြုသည့် ရွေးကောက်ပွဲတွင် ပါဝင်ရန် ငြင်းပယ်ခဲ့ကြသည်။

ဖျက်သိမ်းခံရသည့် ပါတီများထဲတွင် ယခင်က ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် တို့တွင် ရွေးကောက်ပွဲအနိုင်ရရှိမှုနှင့် လွှတ်တော်ကိုယ်စားပြုမှု အခိုင်အမာရရှိထားသည့် အဓိကပါတီကြီး များနှင့် တိုင်းရင်းသားအင်အားစုများ ပါဝင်သည်။ ယင်းတို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်(SNLD)၊ ရခိုင်အမျိုးသားပါတီ၊ ကယားပြည်နယ် ဒီမိုကရက် တစ်ပါတီ(KySDP)၊ ကရင်အမျိုးသားပါတီ(KPP)၊ တအာင်း(ပလောင်)အမျိုးသားပါတီ၊ လားဟူအမျိုး သားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ချင်းအမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့ ပါဝင်သည့်အပြင် အခြားထင်ရှားသော တိုင်းရင်းသားနိုင်ငံရေးပါတီများ ဖြစ်သည့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုး ရေးပါတီနှင့် ဒိုင်းနက်အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့လည်း ပါဝင်သည်။

ဤပါတီအများအပြားသည် ယခင်ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရုံသာမက အသီးသီးသော ပြည်နယ်များ၌ အနိုင်ရရှိခဲ့ပြီး တိုင်းရင်းသားနိုင်ငံရေးကိုယ်စားပြုမှု၏ အရေးပါသော အစိတ်အပိုင်းတစ် ခုအဖြစ် ရပ်တည်ခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့အား ဖျက်သိမ်းလိုက်ခြင်းသည် မှတ်ပုံတင်ထားသော ပါတီအရေအတွက်ကို လျော့ကျစေရုံသာမကဘဲ ခိုင်မာသော

[18] Global New Light of Myanmar, *GNLM*, March 29, 2023, PDF file, https://cdn.digitalagencybangkok.com/file/client-cdn/gnlm/wp-content/uploads/2023/03/29_March_23_gnlm.pdf

ထောက်ခံသူလူထု ရှိနှင့်ပြီးသားဖြစ်သော နိုင်ငံရေးအင်အားစုများကို ဖယ်ထုတ်လိုက်ခြင်းလည်း ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် ပြည်ထောင်စုအဆင့် ရွေးကောက်ခံအမတ်နေရာများ၏ ၈၃ ရာခိုင်နှုန်းခန့်ကို အနိုင်ရရှိ ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင်လည်း လွှတ်တော်အတွင်း အပြတ်အသတ် အနိုင်ရခဲ့သော NLD ပါတီသည် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲအတွက် မှတ်ပုံတင်ခြင်း မပြုခဲ့ပေ။ အထူးသဖြင့် ယခင် အထွေထွေရွေးကောက်ပွဲ နှစ်ခုစလုံးတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုထောက်ခံမှုရရှိထားသည့်ပါတီဖြစ်၍ ၎င်း၏ မပါဝင် မှုမှာ သိသာထင်ရှားလှသည်။ ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ၂၁ဦးအနက် ပါတီခေါင်းဆောင် နှင့် ဒုတိယဥက္ကဋ္ဌ အပါအဝင် ၇ဦးမှာ ထောင်သွင်း အကျဉ်းချခံထားရသည်။ ရွေးကောက်ပွဲစက်ဝန်းအ တွင်း၌ NLD ပါတီမှ ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ် ၁၄၀ဦးခန့်နှင့် ပါတီဝင် ၂,၈၃၆ ဦးခန့်မှာ ဆက်လက် ဖမ်းဆီးထိန်းသိမ်းခံထားရဆဲဖြစ်သည်။ ပါတီရုံးခန်းများသည် အနည်းဆုံး ၁၆၇ကြိမ်ခန့် ချိပ်ပိတ်ခံရခြင်း သို့မဟုတ် ဖျက်ဆီးခံရခြင်းများ ရှိခဲ့ပြီး ပါတီ၏ တွေ့ရှိချက်များအရ ရွေးကောက်ခံ ကိုယ်စားလှယ်များ အပါအဝင် ပါတီဝင် ၈၄၉ဦး ပိုင်ဆိုင်သည့် အဆောက်အအုံ အနည်းဆုံး ၉၇၁လုံးမှာ သိမ်းဆည်းခံခဲ့ရသည်။ ခေါင်းဆောင်ပိုင်းများ ဖမ်းဆီးခံရခြင်း၊ ပါတီယန္တရားများ ပြိုကွဲစေခြင်းနှင့် ပိုင်ဆိုင်မှုများ သိမ်းဆည်းခံရခြင်း စသည့်အခြေအနေများကြောင့် အဆိုပါ ပါတီသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ခြင်း မရှိပေ။

ယခင်က ရွေးကောက်ခံ ကိုယ်စားလှယ်နေရာများနှင့် ရွေးကောက်ပွဲ အနိုင်ရရှိမှုများ ရရှိခဲ့သည့် အခြား သော တိုင်းရင်းသားနှင့် ဒေသအခြေပြုပါတီများသည်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း မရှိကြပေ။ ၁၉၉၀ ပြည့်နှစ်တွင် ၂၃ နေရာ၊ ၂၀၁၅ ခုနှစ်တွင် ၄၀ နေရာနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၄၂ နေရာ အနိုင် ရရှိခဲ့ သည့် SNLD ပါတီသည် ပါဝင်ခဲ့ခြင်း မရှိပါ။ ၂၀၂၀ ပြည့်နှစ်တွင် ၁၂နေရာ အနိုင်ရရှိခဲ့သည့် တအာင်းအမျိုး သားပါတီသည်လည်း ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိခဲ့ပေ။ ၂၀၂၀ ပြည့်နှစ်တွင် ၈နေရာ အနိုင်ရရှိခဲ့သည့် ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီနှင့် ၂၀၂၀ ပြည့်နှစ်တွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနေရာ အနိုင်ရရှိခဲ့သည့် ကယန်းအမျိုးသားပါတီတို့သည်လည်း ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ခြင်း မရှိကြပါ။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ပြည်ထောင်စုလွှတ်တော် ၂၂နေရာ၊ ရခိုင်ပြည်နယ်လွှတ်တော် ၂၂နေရာနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနေရာတို့ကို အနိုင်ရရှိခဲ့ပြီး ၂၀၂၀ပြည့်နှစ်တွင် ၁၅နေရာ အနိုင်ရခဲ့သည့် ရခိုင်အမျိုးသားပါတီသည် စစ်တပ်က စီစဉ်သည့် ရွေးကောက်ပွဲတွင်

မှတ်ပုံတင်ရန်နှင့် ယှဉ်ပြိုင်ရန် ခွင့်ပြုချက် မရရှိခဲ့ပေ။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် တတိယမြောက် အင်အားအကောင်းဆုံး အနိုင်ရပါတီ ဖြစ်ခဲ့ပြီး ၂၀၁၅ ခုနှစ် လွှတ်တော်တွင်လည်း အမတ် ၆ ဦးရှိခဲ့သည့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) သည် မှတ်ပုံတင်ခြင်းနှင့် ယှဉ်ပြိုင်ခြင်း မပြုခဲ့ပေ။ ယခင်က အမတ်နေရာများ အနိုင်ရရှိခဲ့ဖူးသည့် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့သည်လည်း ရွေးကောက်ပွဲတွင် ပါဝင်လာခြင်း မရှိပါ။ ၂၀၁၅ ခုနှစ်တွင် ၆ နေရာနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၂ နေရာ အနိုင်ရရှိ ခဲ့သည့် ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်သည်လည်း အလားတူပင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိခဲ့ပေ။ ယခင် ရွေးကောက်ပွဲအဆင့်ဆင့် တိုင်းတာနိုင်သော အောင်မြင်မှုများ ရရှိခဲ့သည့် အဆိုပါ ပါတီများစွာ စုပေါင်း ပျက်ကွက်ခြင်းသည် ၂၀၂၅ ခုနှစ် နိုင်ငံရေးယှဉ်ပြိုင်မှုပုံစံကို သိသိသာသာ ပြောင်းလဲစေခဲ့သည်။ ၎င်းတို့ ဖျက်သိမ်းခံရခြင်းနှင့် မှတ်ပုံတင်ခြင်းမရှိခြင်းတို့သည် မဲလက်မှတ်ပေါ် ရှိ အမျိုးသားအဆင့်နှင့် တိုင်းရင်း သား ကိုယ်စားပြုပါတီများ၏ အခန်းကဏ္ဍကို ကျဉ်းမြောင်းသွားစေပြီး ယခင် ရွေးကောက်ပွဲဆိုင်ရာ လူထုလုပ်ပိုင်ခွင့်များနှင့် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ မူဘောင်အကြား ဆက်စပ်မှုကို လျော့နည်း သွားစေခဲ့သည်။[19]

ထို့ကြောင့် ကျယ်ပြန့်သော နယ်မြေချန်လှပ်မှုများ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ မူဘောင်မှ သတ်မှတ်ထားသည့် ဥပဒေကြောင်းအရနှင့် အဖွဲ့အစည်းဆိုင်ရာ ကန့်သတ်ချက်များ၊ မဖြစ်မနေ ဝင်ရောက်ယှဉ်ပြိုင်ရမည့် သတ်မှတ်ချက်များ၊ နိုင်ငံရေးအရ ဆက်သွယ်ဆောင်ရွက်မှုအပေါ် တားမြစ် ချက်များ၊ ပါတီဖျက်သိမ်းခြင်းနှင့် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ပြိုင်ဘက်မရှိသည့် မဲဆန္ဒနယ် အရေအတွက် များပြားခြင်း၊ လက်ရှိနှင့် စစ်ဘက်အရာရှိဟောင်းများကို ပါတီယန္တရားများအ တွင်း ပေါင်းစည်းထားခြင်းနှင့် ယခင်က အားကောင်းခဲ့သည့် ပါတီများနှင့် တိုင်းရင်းသားပါတီများ ပါဝင်မှု

---

[19] Union Election Commission, *အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ)* [Vote share of individual candidates for the Amyotha Hluttaw (2020 General Election)] (PDF, in Burmese), archived February 1, 2021, https://web.archive.org/web/20210201042320/https://uecdata.s3.ap-southeast-1.amazonaws.com/2020%20Election%20Result%20%28%20Percentage%20%29/2.%20Amyotha%20Result%20%28%20Percentage%20%29/Amyotha%20Each%20Candidate%20Result.pdf; Union Election Commission, *ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ)* [Vote share of individual candidates for the Pyithu Hluttaw (2020 General Election)] (PDF, in Burmese), archived February 1, 2021, https://web.archive.org/web/20210201042254/https://uecdata.s3.ap-southeast-1.amazonaws.com/2020%20Election%20Result%20%28%20Percentage%20%29/1.%20Pyithu%20Result%20%28%20Percentage%20%29/Pyithu%20Each%20Candidate%20Result.pdf; and The Asia Foundation, *Myanmar 2020 General Election: State and Region Hluttaws* (December 2020), https://asiafoundation.org/wp-content/uploads/2020/12/Myanmar_2020-General-Election-State-and-Region-Hluttaws.pdf

မရှိခြင်းတို့သည် စုပေါင်း၍ မတူကွဲပြားမှု အကန့်အသတ်ရှိပြီး ရွေးကောက်ပွဲဆိုင်ရာ တရားဝင်မှု အကန့် အသတ်ရှိသည့် ရွေးကောက်ပွဲအကြိုကာလကို ပုံဖော်ခဲ့သည်။

## ဥပဒေကြောင်းအရ ဖိနှိပ်မှုနှင့် ရွေးကောက်ပွဲ ကာကွယ်ရေးဥပဒေ

ရွေးကောက်ပွဲအကြိုကာလ၏ နောက်ထပ်ထူးခြားချက်တစ်ခုမှာ စစ်တပ်က ဦးစီးကျင်းပသည့် ရွေးကောက်ပွဲအပေါ် ဆန့်ကျင်မှုများကို နှိမ်နင်းရန် ရည်ရွယ်သည့် ဥပဒေကြောင်းအရ အစီအမံသစ်များ ကို မိတ်ဆက်ပြဋ္ဌာန်းခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် စစ်အာဏာပိုင်များသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများအား နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်းနှင့် ဖျက်ဆီးခြင်းတို့မှ ကာကွယ်စောင့် ရှောက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေကို ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်မှု များကို တားဆီးရန် ယန္တရားတစ်ခုအဖြစ် အတိအလင်း ပုံဖော်ထားသော်လည်း လက်တွေ့တွင်မူ စစ်တပ် က စီစဉ်ထားသော ရွေးကောက်ပွဲကို ဆန့်ကျင်သူ မည်သူမဆိုအား ပစ်မှတ်ထားရန်အတွက် ကျယ်ပြန့် သော လက်နက်တစ်ခုအဖြစ် အသုံးပြုခဲ့သည်။ ဤဥပဒေသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို နှောင့်ယှက် ခြင်း သို့မဟုတ် ဟန့်တားခြင်းဟု အဓိပ္ပာယ်ကောက်ယူနိုင်သော ဝေဖန်မှုများ၊ လူသိရှင်ကြား ထုတ်ပြန် ချက်များ၊ စည်းရုံးလှုပ်ရှားမှုများနှင့် ဆန္ဒပြမှုများကို ပြစ်မှုအဖြစ် သတ်မှတ်ထားသည်။ ၎င်း၏ ပြဋ္ဌာန်း ချက်များသည် ကျယ်ပြန့်ပြီး တိကျမှုမရှိဘဲ နှောင့်ယှက်ဖျက်ဆီးခြင်း ဆိုသည်မှာ မည်သည့်အရာဖြစ် သည်ကို ဆုံးဖြတ်ရာတွင် အာဏာပိုင်များအား စိတ်ကြိုက် လုပ်ပိုင်ခွင့် အမြောက်အမြား ပေးထားသည်။ ဥပဒေကို ဖောက်ဖျက်ပါက ထောင်ဒဏ် အနှစ် ၂၀ အထိ ချမှတ်နိုင်သည့်အပြင် အချို့သော အခြေအနေ များတွင် သေဒဏ်အထိပါ ပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရန် သတ်မှတ်ထားသည်။[20]

ဤဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းသည် ရွေးကောက်ပွဲအပေါ် လူထု၏ သိသာထင်ရှားသော ဆန့်ကျင်ကန့် ကွက်မှုများ ရှိလာနိုင်သည်ကို စစ်အာဏာပိုင်များက ကြိုတင်တွက်ဆထားကြောင်း ဖော်ပြနေ သည်။ စစ်တပ်သည် စီမံခန့်ခွဲမှုဆိုင်ရာ ပြင်ဆင်မှုများ သို့မဟုတ် နိုင်ငံရေးအရ စည်းရုံးလှုံ့ဆော်မှုများ အပေါ်တွင်သာ အားကိုးခြင်းမပြုဘဲ သဘောထားကွဲလွဲမှုများကို ကိုင်တွယ်ရန်အတွက် ဥပဒေကြောင်းအ ရ အတင်းအကျပ် ဖိအားပေးခြင်းကို အဓိက

---

[20] "Myanmar 2025 Election Human Rights Violations and Cases," *Democratic Voice of Burma (English)*, accessed February 26, 2026, https://english.dvb.no/hrv-election-cases/; Fortify Rights, *Investigation Report: 2025 Myanmar General Election Human Rights Violations*, December 10, 2025, https://www.fortifyrights.org/mya-inv-2025-12-10

မဟာဗျူဟာတစ်ရပ်အဖြစ် အခြေခိုင်အောင် လုပ်ဆောင်ခဲ့သည်။ ချမှတ်ထားသော ပြစ်ဒဏ်များ၏ အတိုင်းအတာနှင့် ပြင်းထန်မှုတို့သည် တက်ကြွစွာ ဆန့်ကျင်လှုပ်ရှားမှုများကို ဟန့်တားရုံသာမကဘဲ လွတ်လပ်စွာ ပြောဆိုခွင့်နှင့် လူထု စုပေါင်းလှုပ်ရှားမှုများကိုပါ ပိုမို ကျယ်ပြန့်စွာ နှိမ်နင်းရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း သက်သေပြနေသည်။

**၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ စာရင်းများအရ ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များဖြင့် တရားစွဲဆိုခံရသူ ၄၀၄ ဦးရှိပြီး လူပေါင်း ၈၄ ဦး ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ဤကိန်းဂဏန်းများသည် ရွေးကောက်ပွဲ အကြိုကာလအတွင်း အတိုက်အခံများကို ထိန်းချုပ်ကန့်သတ်ရန်အတွက် ဥပဒေကြောင်း အရ အစီအမံများကို စနစ်တကျနှင့် စောစီးစွာ အသုံးချခဲ့ခြင်းကို ဖော်ပြနေသည်။**

ခြုံငုံသုံးသပ်ရလျှင် ရွေးကောက်ပွဲ ကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခြင်းနှင့် နောက်ဆက်တွဲ ဖမ်းဆီးမှုများ သည် ရွေးကောက်ပွဲအကြိုကာလ အခင်းအကျင်းတွင် တရားဝင်မှု၊ တရားမျှတမှုတို့အပေါ် ထိရောက်စေ နိုင်သည်။ ပြစ်ဒဏ်ခတ်သည့် ဥပဒေများဖြင့် ဖိနှိပ်မှုအပေါ် အားကိုးအားထားပြုခြင်းကြောင့် စစ်တပ်သည် အများပါဝင်နိုင်သော နည်းလမ်းဖြင့် ဖြေရှင်းမည့်အစား အတင်းအကျပ် ဖိအားပေးသည့် နည်းလမ်းဖြင့် သာ ကိုင်တွယ်ရန် ချည်းကပ်ခဲ့ကြောင်း ပေါ်လွင်သည်။

## ကြိုတင်မဲပေးခြင်းနှင့် မဲပေးသူဦးရေ ကွာဟချက်များ

ရွေးကောက်ပွဲကာလအတွင်း ကြိုတင်မဲများသည် ရွေးကောက်ပွဲရလဒ်ကို အဆုံးအဖြတ်ပေးနိုင်သည့် အရေးပါဆုံးအချက်များအနက် တစ်ခုဖြစ်ခဲ့ပြီး အထူးသဖြင့် မြန်မာစစ်တပ်က ကျောထောက်နောက်ခံ ပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) နှင့် ၎င်း၏ ကိုယ်စားလှယ်လောင်း များအတွက် အကျိုးအမြတ်များစွာ ရရှိခဲ့သည်။ မဲဆန္ဒနယ်မြေ အများအပြားတွင် USDP ပါတီ အနိုင်ရရှိ စေရန်အတွက် ကြိုတင်မဲပေးခြင်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ မဲဆန္ဒနယ် အတော် များများတွင် ကြိုတင်မဲများ၏ အချိုးအစားမှာ ရွေးကောက်ပွဲနေ့တွင် ရရှိခဲ့သော မဲရလဒ်များကို ပြောင်း လဲစေနိုင်သည် သို့မဟုတ် လွှမ်းမိုးနိုင်သည်အထိ များပြားလှသည်။ ဤပုံစံကိုကြည့်လျှင် ကြိုတင်မဲပေး ခြင်းသည် မဲရုံသို့ မလာနိုင်သူများအတွက် ဖြည့်စွက် နည်းလမ်းတစ်ခုမျှသာ မဟုတ်ဘဲ စစ်တပ်နှင့် နီးစပ် သောပါတီက

၎င်းတို့၏ ရွေးကောက်ပွဲဆိုင်ရာ အားသာချက်ကို ခိုင်မာအောင် တည်ဆောက်ခဲ့သည့် အမိက အဖွဲ့အစည်းဆိုင်ရာ လမ်းကြောင်းတစ်ခုအဖြစ် အသုံးတော်ခံခဲ့ကြောင်း ညွှန်ပြနေသည်။

အပိုင်း(၁) ကြိုတင်မဲ စုပြုံရောက်ရှိမှု

| USDP ကြိုတင်မဲ ရာခိုင်နှုန်း | မြို့နယ် အရေအတွက် | မြို့နယ်စုစုပေါင်း ရာခိုင်နှုန်း | မြို့နယ်များ |
|---|---|---|---|
| **၄၀ % နှင့် အထက်** | ၅ | ၁၅.၆ % | သံတောင်ကြီး (၈၃%)၊ ဘော်လခဲ (၇၉%), ဟားခါး (၅၂%)၊ ကျောက်ဖြူ (၄၈%)၊ ကျိုက်မရော (၄၀%) |
| **၃၀ မှ ၃၉ %** | ၄ | ၁၂.၅ % | မြဝတီ (၃၆%)၊ စစ်တွေ (၃၄%)၊ တနိုင်း (၃၃%), တီးတိန် (၃၃%) |
| **၂၀ မှ ၂၉ %** | ၈ | ၂၅.၀ % | ဟိုပုန်း (၂၉%)၊ လွိုင်လင် (၂၇%)၊ ကျိုင်းတုံ (၂၅%)၊ လင်းခေး (၂၄%)၊ မိုးညှင်း (၂၃%), လွိုင်ကော် (၂၃%)၊ လားရှိုး (၂၃%)၊ ဘားအံ (၂၂%) |

ထူးခြားချက်မှာ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်တွင် ခိုင်လုံမဲ ၂,၀၀၁ မဲအနက် ၁,၆၆၁ မဲ (၈၃ ရာခိုင်နှုန်း) မှာ ကြိုတင်မဲများ ဖြစ်နေခြင်းပင် ဖြစ်သည်။ အလားတူ ကယား(ကရင်နီ)ပြည်နယ်၊ ဘော်လခဲ မြို့နယ်တွင် မဲပေါင်း ၁,၅၆၉ မဲအနက် ၁,၂၃၆ မဲ (၇၉ ရာခိုင်နှုန်း)၊ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်တွင် မဲပေါင်း ၂,၀၀၇ မဲအနက် ၁,၀၄၀ မဲ (၅၂ ရာခိုင်နှုန်း) နှင့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တွင် မဲပေါင်း ၆,၃၅၅ မဲအနက် ၃,၀၂၄ မဲ (၄၈ ရာခိုင်နှုန်း) တို့မှာ USDP ပါတီအတွက် ရရှိခဲ့သော ကြိုတင်မဲများ ဖြစ်ကြ သည်။

**အပိုင်း(၂) ကြိုတင်မဲ စုပြုံရောက်ရှိမှု**

| USDP ကြိုတင်မဲ ရာခိုင်နှုန်း | မြို့နယ် အရေအတွက် | မြို့နယ်စုစုပေါင်း ရာခိုင်နှုန်း | မြို့နယ်များ |
|---|---|---|---|
| **၄၀ % နှင့် အထက်** | ၃ | ၁၀.၃ % | ဖရူဆို (၇၄.၅၆%)၊ ဒီမော့ဆို (၅၄.၈၈%)၊ ရေး (၄၅.၆၅%) |
| **၃၀ မှ ၃၉.၉ %** | ၂ | ၆.၉ % | ဖျာပုံ (၃၄.၉၇%)၊ Mongpan (၃၂.၅၅%) |
| **၂၀ မှ ၂၉.၉ %** | ၈ | ၂၇.၆ % | Tangyan (၂၇.၈၃%)၊ မိုင်းပန် (၂၇.၅၇%)၊ မိုင်းဖြတ် (၂၄.၅၃%)၊ လဲချား (၂၃.၅၇%)၊ မုဒုံ (၂၂.၄၄%)၊ သံဖြူဇရပ် (၂၁.၂၄%)၊ မချမ်း ဘော (၂၁.၀၁%)၊ မိုင်းရယ် (၂၀.၃၅%) |

ကယား (ကရင်နီ) ပြည်နယ်၊ ဖရူဆိုမြို့နယ်တွင် မဲပေါင်း ၉၇၁ မဲအနက် ၇၂၄ မဲ (၇၄.၅၆ ရာခိုင်နှုန်း) မှာ ကြိုတင်မဲများဖြစ်ပြီး ဒီးမော့ဆိုမြို့နယ်တွင်မူ မဲပေါင်း ၁,၄၂၃ မဲအနက် ၇၈၁ မဲ (၅၄.၈၈ ရာခိုင်နှုန်း) မှာ ကြိုတင်မဲများ ဖြစ်ကြသည်။ မွန်ပြည်နယ်၊ ရေးမြို့နယ်တွင် စုစုပေါင်းမဲ ၆,၅၂၄ မဲအနက် ၂,၉၇၈ မဲ (၄၅.၆၅ ရာခိုင်နှုန်း) မှာ ကြိုတင်မဲများအဖြစ် မှတ်တမ်းတင်ထားသည်။

**အပိုင်း(၃) ကြိုတင်မဲ စုပြုံရောက်ရှိမှု**

| ကြိုတင်မဲ ရာခိုင်နှုန်း | မြို့နယ် အရေအတွက် | တတိယအဆင့် ရာခိုင်နှုန်း | မြို့နယ်များ |
|---|---|---|---|
| **၄၀ % နှင့် အထက်** | ၃ | ၃၀ % | ဖန်းမော် (၉၅.၉၇%)၊ ကြာအင်းဆိပ်ကြီး (၅၈.၀၄%)၊ ကော့ကရိတ် (၄၄.၈၇%) |
| **၃၀ မှ ၃၉.၉%** | ၁ | ၁၀ % | ဖားကန့် (၃၇.၀၉%) |
| **၂၀ မှ ၂၉.၉%** | ၁ | ၁၀ % | ပင်လောင်း (၂၂.၇၀%) |

ဖန်းမော်မြို့တွင် မဲပေါင်း ၄,၉၆၄ မဲအနက် ၄,၇၆၄ မဲ (၉၅.၉၇ ရာခိုင်နှုန်း) မှာ ကြိုတင်မဲများ ဖြစ်ကြသည်။ ကြာအင်းဆိပ်ကြီးမြို့တွင် မဲပေါင်း ၃,၄၅၈ မဲအနက် ၂,၀၀၇ မဲ (၅၈.၀၄ ရာခိုင်နှုန်း) မှာ ကြိုတင်မဲများဖြစ် သည်။ ရွေးကောက်ပွဲ အဆင့်သုံးဆင့်စလုံးတွင် မြို့ပေါင်း ၇၁မြို့အနက် ၁၁မြို့၌ USDP ကျောထောက် နောက်ခံပြုထားသော ပါတီသည် ၎င်းတို့ရရှိသည့် မဲစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကျော်ကို ကြိုတင်မဲများမှ ရရှိခဲ့ခြင်းမှာ အုပ်ချုပ်ရေးယန္တရားဖြင့် ထိန်းချုပ်ထားသော မဲပေးမှု အစုအဖွဲ့များ၏ ဖွဲ့စည်းပုံဆိုင်ရာ အလေးသာမှုကို သက်သေပြနေသည်။ အရပ်သားပြည်သူများ နေရပ်စွန့်ခွာ တိမ်းရှောင်နေရခြင်း၊ ချန်လှပ်ခံရခြင်း သို့မဟုတ် ဆန့်ကျင်ကန့်ကွက်ခြင်းများ ရှိသည့်နေရာများတွင် စစ်ဘက်နှင့် နိုင်ငံ့ဝန်ထမ်း များ၏ မဲပေးမှုအချိုးအစားမှာ သိသာစွာ မြင့်တက်လာပြီး စစ်အုပ်ချုပ်ရေးအဖွဲ့နှင့် တိုက်ရိုက်ပတ်သက် နေသော မဲဆန္ဒရှင်များ၏ လွှမ်းမိုးမှုကို ပိုမို အားကောင်းစေခဲ့သည်။

အဆိုပါ ဒေသအများအပြားတွင် ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်များကို လွတ်လပ်သော စောင့်ကြည့် လေ့လာမှု အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ခဲ့ပြီး ပွင့်လင်းမြင်သာမှု အားနည်းခဲ့ခြင်းကြောင့် ကြီးကြပ် ကွပ်ကဲမှုမရှိသည့် ကြိုတင်မဲပေးခြင်း ဖြစ်ခဲ့သည်။ ရွေးကောက်ပွဲဝင် ပါတီများနှင့် လေ့လာစောင့်ကြည့် သူများ၏ အစီရင်ခံချက်များအရ ကြိုတင်မဲများကို စီမံခန့်ခွဲခြင်းနှင့် ကောက်ခံခြင်းများ ပြုလုပ်ရာတွင် USDP မဟုတ်သော အခြားပါတီများမှ ကိုယ်စားလှယ်များရှေ့မှောက်တွင် ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း သိရှိရသည်။ ထို့ကြောင့် ကြိုတင်မဲများ၏ မှန်ကန်တိကျမှု၊ စောင့်ကြည့်စစ်ဆေးနိုင်မှုနှင့် ပြန်လည်အတည်ပြုနိုင်မှုတို့မှာ များစွာ မေးခွန်းထုတ်စရာ ဖြစ်နေခဲ့ပြီး ၎င်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ် တစ်ခု လုံး၏ ယုံကြည်နိုင်ဖွယ်ရှိမှုအပေါ် မေးခွန်းထုတ်စရာ ဖြစ်လာသည်။

ယခင်ရွေးကောက်ပွဲများတွင် အပြတ်အသတ် အနိုင်ရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အပါအဝင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) နှင့် ရခိုင်အမျိုးသားပါတီ (ANP) ကဲ့သို့ သော အခြားထိပ်တန်းအနိုင်ရပါတီများ ပါဝင်ခြင်းမရှိသည့် အခြေအနေတွင် ကြိုတင်မဲများအပေါ် အားကိုးအားထားပြုခဲ့ခြင်းမှာ အထူးပင် သက်ရောက်မှု ကြီးမားခဲ့သည်။ ဤအဓိကပြိုင်ဘက်များ ပါဝင် ယှဉ်ပြိုင်ခြင်း မရှိသည့်အတွက် USDP ပါတီအနေဖြင့် အများစုအနိုင်ရရှိရန် လမ်းကြောင်းမှာ စစ်တပ်၏ အာဏာစက်နှင့် သြဇာလွှမ်းမိုးမှုအောက်တွင်ရှိသော နိုင်ငံ့ဝန်ထမ်းများ၊ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ရဲတပ်ဖွဲ့ဝင်များက အဓိကပေးခဲ့သည့် ကြိုတင်မဲများအပေါ်တွင်သာ များစွာ မှီခိုနေခဲ့ရသည်။

နေရပ်စွန့်ခွာရမှုဒဏ်သင့်သည့် ဒေသများနှင့် တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသော အရပ်သားပါဝင်မှုနည်းပါးသည့် သို့မဟုတ် နှိမ်နင်းခံထားရသည့် ဒေသများတွင် ဤကြိုတင်မဲများ၏ အချိုးအစား သက်ရောက်မှုမှာ သိသိသာသာ မြင့်တက်လာခဲ့သည်။ ဒေသခံပြည်သူများ နေရပ်စွန့်ခွာရခြင်း၊ ချုန်လှပ်ခံရခြင်း သို့မဟုတ် တက်ကြွစွာ ဆန့်ကျင်နေခြင်းရှိသည့်နေရာများတွင် စစ်ဘက်နှင့် နိုင်ငံ့ဝန်ထမ်း မဲများ၏ အချိုးအစားမှာ ရွေးကောက်ပွဲရလဒ်ကို အဆုံးအဖြတ်ပေးနိုင်သည့် အချက်ဖြစ်လာခဲ့သည်။ ဤကဲ့သို့သော ဖွဲ့စည်းပုံဆိုင်ရာ မမျှတမှုသည် စစ်အုပ်ချုပ်ရေးယန္တရားနှင့် တိုက်ရိုက်ဆက်နွှယ်နေသော မဲဆန္ဒရှင်များ၏ သြဇာကို ကြီးထွားစေခဲ့ပြီး ရွေးကောက်ပွဲရလဒ်များ၏ လူထုကိုယ်စားပြုနိုင်စွမ်းကို ကျဉ်းမြောင်းသွားစေခဲ့သည်။

## တိုင်းရင်းသားပြည်နယ်များတွင် မဲပေးသူဦးရေ နည်းပါးခြင်းနှင့် ပါဝင်မှု ကန့်သတ်ချက်များ

၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဲပေးသူဦးရေ ၅၄ ရာခိုင်နှုန်းခန့်သာ ရှိခဲ့ ပြီး ၎င်းသည် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ပြန်လည် စတင်ခဲ့ပြီး နောက်ပိုင်း အနိမ့်ဆုံး မဲပေးမှုနှုန်း ဖြစ်လာခဲ့သည်။ သမိုင်းတစ်လျှောက် မဲပေးမှုနှုန်း ကိန်းဂဏန်းများကို ကြည့်လျှင် ဤကျဆင်းမှုကို ရှင်းလင်းစွာ မြင်တွေ့နိုင်သည်၊ ၁၉၉၀ ခုနှစ်တွင် ၇၂.၆ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့် နှစ်တွင် ၇၇.၂၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် ၆၉.၈၂ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၇၁.၈၉ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၅၄ ရာခိုင်နှုန်းတို့ ဖြစ်ကြသည်။ ယခင်ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်ပါက ၂၀၂၅ ခုနှစ် မဲပေးမှုနှုန်းသည် ၂၀၂၀ ပြည့်နှစ်ထက် ၁၈ ရာခိုင်နှုန်းနီးပါးနှင့် ၂၀၁၅ ခုနှစ်ထက် ၁၅ ရာခိုင်နှုန်းကျော် သိသိ သာသာ လျော့နည်းသွားခြင်း ဖြစ်သည်။

ဤကဲ့သို့ သိသိသာသာ ကျဆင်းသွားရခြင်းမှာ နယ်မြေဒေသအချို့ ချန်လှပ်ခံရခြင်း၊ ကျယ်ပြန့်သော နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်ခြင်း၊ အဓိကနိုင်ငံရေး ပါတီများအား ဖျက်သိမ်းခံရခြင်းနှင့် သပိတ်မှောက် ခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ် တက်ကြွစွာ ဆန့်ကျင်ကန့်ကွက်မှုများ ရှိနေခြင်း စသည့်အခြေအ နေများကြောင့် ဖြစ်သည်။ အထူးသဖြင့် ၂၀၁၅ နှင့် ၂၀၂၀ ပြည့်နှစ်တို့ကဲ့သို့ လူထုပါဝင်မှုနှုန်း မြင့်မားခဲ့ သည့်အချိန်များနှင့် နှိုင်းယှဉ်ပါက ယခုကဲ့သို့ ပါဝင်မှုနှုန်း သိသိသာသာ နိမ့်ကျသွားခြင်းသည် လူထု၏ ယုံကြည်ကိုးစားမှု လျော့နည်းခြင်းနှင့် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် အများပါဝင်နိုင်မှု အကန့်အသတ် ရှိနေခြင်းကို အလေးပေး ဖော်ပြနေသည်။

မြန်မာနိုင်ငံ ရွေးကောက်ပွဲများအလိုက် မဲပေးသူဦးရေ နှိုင်းယှဉ်ချက်ဇယား

| ရွေးကောက်ပွဲကျင်းပသည့် ခုနှစ် | မဲပေးသူ ရာခိုင်နှုန်း |
|---|---|
| **၁၉၉၀** | ၇၂.၆ % |
| **၂၀၁၀** | ၇၇.၂၆ % |
| **၂၀၁၅** | ၆၉.၈၂ % |
| **၂၀၂၀** | ၇၁.၈၉ % |
| **၂၀၂၅** | ၅၄ % |

မဲဆန္ဒရှင်များပါဝင်မှု နည်းပါးသည်သာမက နိုင်ငံရေးပါတီများလည်း ပါဝင်မှု နည်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ပါတီပေါင်း ၉၃ပါတီ၊ ၂၀၁၅ ခုနှစ်တွင် ၇၃ပါတီ၊ ၁၉၉၀ ပြည့်နှစ်တွင် ၉၃ပါတီနှင့် ၂၀၁၀ ပြည့် နှစ်တွင် ၃၇ပါတီ ပါဝင်ယှဉ်ပြိုင်ခဲ့ရာမှ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင်မူ ၅၇ ပါတီသာ ပါဝင်ခဲ့သည်။ အလွန်အမင်း ကန့်သတ်ချက်များရှိခဲ့သည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကို ချန်လှပ်ထားမည်ဆိုပါက ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲသည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း နိုင်ငံရေးပါတီ ပါဝင်ယှဉ်ပြိုင်မှု အနည်းဆုံး အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ၉၃ပါတီရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၅၇ပါတီသို့ ကျဆင်း သွားခြင်းသည် ပါတီများ ဖျက်သိမ်းခံရခြင်း၊ သပိတ်မှောက်ခြင်း၊ တင်းကျပ်သော မှတ်ပုံတင်ခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် ဆက်တိုက်ဖြစ်ပွားနေသော နိုင်ငံရေးအရ ဖိနှိပ်မှုများ၏ စုပေါင်းရလဒ်ကို ထင်ဟပ် နေသည်။ ခြုံငုံကြည့်လျှင် မဲပေးသူဦးရေနှင့် ပါတီများ ပါဝင်မှုနှုန်း နှစ်ခုစလုံး လျော့နည်းသွားခြင်းသည် ယခင် ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်ပါက ရွေးကောက်ပွဲဆိုင်ရာ ယှဉ်ပြိုင်မှုနှင့် လူထု ၏ ပါဝင်ပတ်သက်မှုများ လွန်စွာအားနည်းနေခြင်းကို ပြသနေသည်။

တိုင်းရင်းသားဒေသများတွင် မဲပေးသူဦးရေ နည်းပါးခြင်းသည် ရွေးကောက်ပွဲရလဒ်ကို ပိုမိုသက်ရောက် စေခဲ့ပြီး ရလဒ်များ၏ လူထုကိုယ်စားပြုနိုင်စွမ်းကို ကန့်သတ်လိုက်သကဲ့သို့ ဖြစ်စေခဲ့သည်။ ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသူ ၂၇,၄၇၅ ဦးရှိသော်လည်း ၂,၈၃၄ ဦး (၁၀.၃၂ ရာခိုင်နှုန်း) သာ မဲပေးခဲ့ သည်။ တီးတိန်မြို့နယ်တွင် မဲပေးသူ ၄,၂၃၅ ဦး (၃၁.၉၁ ရာခိုင်နှုန်း) ရှိခဲ့သည်။ ချင်းပြည်နယ်တစ်ခုလုံး အတိုင်းအတာဖြင့် မဲပေးသူဦးရေမှာ ၂၂ ရာခိုင်နှုန်းခန့်သာ ရှိခဲ့သည်။ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် တွင် မဲပေးပိုင်ခွင့်ရှိသူ ၄၇,၈၄၈ ဦးအနက် ၁၃,၀၂၅ ဦး (၂၇.၂၂ ရာခိုင်နှုန်း)သာ မဲပေးခဲ့သည်။ စစ်တွေမြို့ နယ်တွင် ၉၂,၄၃၀ ဦးအနက် ၃၉,၈၈၄ဦး (၄၃.၁၅ ရာခိုင်နှုန်း) နှင့် မာန်အောင်မြို့နယ်တွင် ၅၅,၅၆၁ဦးအ နက် ၃၂,၇၅၅ ဦး (၅၈.၉၅ ရာခိုင်နှုန်း) မဲပေးခဲ့ကြသည်။ ရခိုင်ပြည်နယ်တစ်ခုလုံး အတိုင်းအတာဖြင့် မဲပေး သူဦးရေမှာ ၃၂ ရာခိုင်နှုန်းခန့် ရှိခဲ့သည်။

ကယား (ကရင်နီ) ပြည်နယ်၊ ဘော်လခဲမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသူ ၈,၁၀၀ ဦးအနက် ၁,၇၅၁ ဦး (၂၁.၆၂ ရာခိုင်နှုန်း) သာ မဲပေးခဲ့သည်။ ဖရူဆိုမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသူ ၁၉,၉၅၃ ဦးရှိသော်လည်း ၁,၀၅၁ ဦး (၅.၂၇ ရာခိုင်နှုန်း) သာ မဲပေးခဲ့ပြီး ဒီးမော့ဆိုမြို့နယ်တွင်မူ လူဦးရေ ၂,၀၃၄ ဦးသာ မဲပေးခဲ့ကြသည်။

ကချင်ပြည်နယ်တွင် တနိုင်းမြို့နယ်၌ မဲပေးပိုင်ခွင့်ရှိသူ ၃၃,၁၇၇ဦးအနက် ၁၅,၀၇၃ဦး (၄၅.၄၃ ရာခိုင်နှုန်း)၊ ခေါင်လန်ဖူးမြို့နယ်၌ ၈,၉၀၉ ဦးအနက် ၄,၆၆၉ ဦး (၅၂.၄၁ ရာခိုင်နှုန်း)နှင့် ပူတာအိုမြို့နယ်၌ ၄၁,၁၆၄ ဦးအနက် ၂၂,၁၄၄ ဦး (၅၃.၇၉ ရာခိုင်နှုန်း) မဲပေးခဲ့ကြသည်။ သို့သော်လည်း ဖားကန့်မြို့နယ်တွင် မဲပေးသူ ၁,၉၆၁ဦးသာရှိခဲ့ပြီး ဗန်းမော်မြို့နယ်တွင်မူ ကြိုတင်မဲပေးမှုနှုန်း အလွန်မြင့်မားခဲ့သော်လည်း လူကိုယ်တိုင် လာရောက်မဲပေးသူ ၄၃၉ ဦးသာ ရှိခဲ့သည်။ ကရင်ပြည်နယ်တွင် သံတောင်ကြီးမြို့နယ်၌ မဲပေးပိုင်ခွင့်ရှိသူ ၆၀,၀၀၀ အနက် ၂,၅၁၂ ဦး (၄.၁၉ ရာခိုင်နှုန်း) သာ မဲပေးခဲ့သည်။ ကော့ကရိတ်မြို့နယ်တွင် ၃၉,၀၃၈ ဦး အနက် ၃,၆၅၆ ဦး (၉.၃၇ ရာခိုင်နှုန်း)နှင့် ကြာအင်းဆိပ်ကြီး မြို့နယ်တွင် ၁၀,၁၃၅ ဦးအနက် ၂,၀၈၃ ဦး (၂၀.၅၅ ရာခိုင်နှုန်း) သာ မဲပေးခဲ့ကြသည်။

### ပြည်နယ်အလိုက် မဲပေးမှုနှုန်း နှိုင်းယှဉ်ချက်

| ပြည်နယ်၊ တိုင်း | မဲပေးမှုရာခိုင်နှုန်း |
|---|---|
| ချင်းပြည်နယ် | ၂၂ % |
| ရခိုင်ပြည်နယ် | ၃၂ % |
| ကရင်နီပြည်နယ် | အနိမ့်ဆုံးမဲပေးမှုမှ တစ်ခု |
| ကချင်ပြည်နယ် | ခန့်မှန်းခြေ ၃၆ % |
| ကရင်ပြည်နယ် | ခန့်မှန်းခြေ ၃၂ % |
| မွန်ပြည်နယ် | ၄၀ % ဝန်းကျင် |
| ရှမ်းပြည်နယ် | ၆၀ % ဝန်းကျင် |
| စစ်ကိုင်းတိုင်း | ၃၁.၇ % |

ခြုံငုံသုံးသပ်ရလျှင် နယ်မြေဒေသအများအပြား ချန်လှပ်ခံထားရမှု၊ တိုင်းရင်းသားပြည်နယ် အတော်များ များတွင် မဲပေးသူဦးရေ အလွန်အမင်း နည်းပါးမှု၊ နိုင်ငံ့ဝန်ထမ်းများနှင့် စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များ ပေးအပ်သည့် ကြိုတင်မဲများက အဆုံးအဖြတ်ပေးသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့မှုတို့သည် ရွေးကောက်ပွဲ ရလဒ်၏ ကိုယ်စားပြုနိုင်စွမ်းနှင့် တရားဝင်မှုတို့အပေါ် ကြီးမားသော မေးခွန်းထုတ်စရာများ ဖြစ်ပေါ်စေခဲ့ သည်။ နယ်မြေအမြောက်အမြား ချန်လှပ်ခံခဲ့ရခြင်း သို့မဟုတ် တော်လှန်ရေးအင်အားစုများ၏ ထိန်းချုပ် မှုအောက်၌ ရှိနေခြင်း၊

မဲပေးမှုနှုန်းမှာ အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားခြင်း စသည့်အခြေအနေများရှိသော ဒေသများတွင် ထွက်ပေါ်လာသည့် လွှတ်တော်ကိုယ်စားပြုမှုမှာ လူထုတစ်ရပ်လုံး၏ ကျယ်ပြန့် သော သဘောတူညီမှုကို ထင်ဟပ်စေသည်ဟု ကျိုးကြောင်းဆီလျော်စွာ အဓိပ္ပာယ်ဖွင့်ဆို၍ မရနိုင်ပေ။

## တိုင်းရင်းသားဒေသများမှ မြေပြင်အခြေအနေမှန်များ

ရှေ့ပိုင်းတွင် ဆွေးနွေးခဲ့သည့်အတိုင်း တိုင်းရင်းသားဒေသ အများစုသည် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွင် အဓိပ္ပာယ်ရှိရှိ ပါဝင်ခွင့်ရရေးမှ ထိရောက်စွာ ချန်လှပ်ခြင်း ခံခဲ့ရသည်။ နယ်မြေဒေသ များအား ချန်လှပ်ထားခြင်း၊ မလုံခြုံမှုများ၊ အုပ်ချုပ်ရေးပိုင်းမှ မဲရုံများ ဖွင့်လှစ်ခြင်းကို ပယ်ဖျက်ခြင်းနှင့် နိုင်ငံရေးပါတီများကို ဖျက်သိမ်းခြင်း သို့မဟုတ် မှတ်ပုံတင်ခွင့် မပြုခြင်းတို့ကြောင့် ဒေသအတော်များများ တွင် လက်တွေ့၌ မဲပေးပိုင်ခွင့်များ ဆုံးရှုံးခဲ့ရသည်။ ထိုဒေသများရှိ လူထုအနေဖြင့် ရွေးကောက်ပွဲတွင် ပါဝင်လိုသည်ဖြစ်စေ၊ မပါဝင်လိုသည်ဖြစ်စေ ၎င်းတို့၏ မဲပေးပိုင်ခွင့်နှင့် ရွေးကောက်ခံပိုင်ခွင့်တို့မှာ တင်းကျပ်သော ရွေးကောက်ပွဲဥပဒေများနှင့် ရှိရင်းစွဲ ပါတီများကို ဖျက်သိမ်းလိုက်မှုများကြောင့် သိသိ သာသာ အကန့်အသတ် ခံခဲ့ရသည်။

ရှမ်း၊ ရခိုင်၊ စစ်ကိုင်း၊ ကရင်၊ ကရင်နီနှင့် ချင်းပြည်နယ်/တိုင်းဒေသကြီးများအတွင်း ကောက်ယူခဲ့သော လူတွေ့မေးမြန်းမှုများအရ ဤရွေးကောက်ပွဲသည် ၎င်းတို့၏ တစ်သက်တာတွင် လူထုပါဝင်မှုနှင့် နိုင်ငံ ရေးစိတ်ဝင်စားမှု အနိမ့်ဆုံးဖြစ်ခဲ့ကြောင်း ဖြေဆိုသူများက တညီတညွတ်တည်း အလေးပေး ပြောကြားခဲ့ ကြသည်။ ဒေသခံအများအပြားက ရွေးကောက်ပွဲကျင်းပမည့်ရက်ကိုပင် မသိရှိကြခြင်း သို့မဟုတ် ရွေး ကောက်ပွဲ လုပ်ငန်းစဉ်နှင့် ပတ်သက်၍ နားလည်သဘောပေါက်မှု အလွန်နည်းပါးခြင်းတို့ကို အစီရင်ခံခဲ့ ကြသည်။ ထို့အပြင် လူ့အသိုင်းအဝိုင်း အတော်များများတွင် သိသာထင်ရှားသော မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုများကို မတွေ့ရှိခဲ့ရပေ။ ဒေသခံ တိုင်းရင်းသားပါတီများအနေဖြင့်လည်း လုံခြုံရေးအန္တရာယ် များ၊ သွားလာရေးကန့်သတ်ချက်များနှင့် လူထု၏ပါဝင်ပတ်သက်မှု အားနည်းချက်များကြောင့် အဓိပ္ပာယ် ရှိသော မဲဆွယ်စည်းရုံးရေးများကို မလုပ်ဆောင်နိုင်ခဲ့ကြပါ။

ကယား (ကရင်နီ) ပြည်နယ်မှ ဖြေဆိုသူတစ်ဦး၏ ရှင်းပြချက်အရ လူထုအတွင်း မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုများသည် ဟန်ပြသဘောသာဖြစ်ခဲ့ပြီး အဓိကအားဖြင့် စစ်တပ် ကျောထောက်နောက်ခံပြုထား သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)ကသာ

လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ လက်ရှိ ဖြစ်ပွားနေသော ပဋိပက္ခများနှင့် ကျယ်ပြန့်သော နေရပ်စွန့်ခွာမှုများကြောင့် အခြားပါတီများသည် ၎င်းတို့အား ထောက်ခံသူများကို ဘေးကင်းစွာဖြင့် စည်းရုံးနိုင်စွမ်း မရှိခဲ့ကြပေ။ တိုင်းရင်းသားဒေသ အများအ ပြားတွင်မူ USDP ပါတီသည် ပိုစတာအချို့ကပ်ခြင်းကဲ့သို့ အနည်းဆုံးသော မဲဆွယ်မှုများကိုသာ ပြုလုပ်ခဲ့သော်လည်း မဲဆန္ဒနယ်များတွင် အနိုင်ရရှိသွားခြင်းအပေါ် ဒေသခံများက အံ့အားသင့်ကြောင်း ဖော်ပြခဲ့ကြသည်။ ပညာရေးကဏ္ဍတွင် လုပ်ကိုင်ခဲ့ဖူးသည့် ရှမ်းနီတိုင်းရင်းသားတစ်ဦးကလည်း ၎င်း၏ အတွေ့အကြုံကို ကိုးကား၍ လူထုအတွင်း စည်းရုံးလှုပ်ရှားမှုမှာ လက်တွေ့တွင် လုံးဝ မရှိသလောက်ဖြစ် ခဲ့သော်လည်း စစ်တပ် ကျောထောက်နောက်ခံပြုပါတီကသာ အနိုင်ရရှိသွားခဲ့ကြောင်း မှတ်ချက်ပြုခဲ့ သည်။

ကယား (ကရင်နီ)၊ ချင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ဖြစ်ပွားနေသော ပြင်းထန်သည့် ပဋိပက္ခများကြောင့် လူအစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာတိမ်းရှောင်မှုကို ဖြစ်ပေါ်စေခဲ့ပြီး ၎င်းသည် မဲပေးသူဦးရေကို ပိုမို ကျဆင်းသွားစေခဲ့သည်။ မြို့နယ်အတော်များများတွင် မဲပေးပိုင်ခွင့်ရှိသူ အများအပြားမှာ ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) ဖြစ်နေကြပြီး မဲရုံများသို့ သွားရောက်ရန် မဖြစ်နိုင်ခဲ့ကြပေ။ ထို့အ ပြင် အတင်းအကျပ် မဲပေးခိုင်းမှုဆိုင်ရာ အစီရင်ခံချက်များလည်း ထွက်ပေါ်လာခဲ့သည်။ အထူးသဖြင့် ချင်းပြည်နယ်ရှိ ဟားခါးနှင့် တီးတိန်မြို့နယ်တို့တွင် အစိုးရဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက်ရှိ ဒေသခံများ မှာ မဲပေးရန် ဖိအားပေးခြင်း ခံခဲ့ရသည်ဟု ဆိုသည်။ ဤကဲ့သို့ အတင်းအကျပ် ဆောင်ရွက်မှုများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ယုံကြည်စိတ်ချရမှုကို ပိုမိုပျက်ပြားစေခဲ့သည်။

တိုင်းရင်းသားပါတီအချို့ အနိုင်ရရှိခဲ့သော်လည်း မဲဆန္ဒရှင်များသည် ၎င်းတို့၏အဆိုအရ ဆိုးသည့်အထဲမှ အဆိုးဆုံးရှောင်ပြီး (lesser evil)သာ ရွေးချယ်ခဲ့ကြရကြောင်း ဖြေဆိုသူများက ပြောကြားခဲ့သည်။ တိုင်းရင်းသားပါတီအချို့သည် စစ်အုပ်ချုပ်ရေးယန္တရားနှင့် နီးကပ်သော ဆက်ဆံရေးရှိသည်ဟု ကျယ်ပြန့် စွာ ရှုမြင်ခံခဲ့ရသည်။ ဥပမာအားဖြင့် မွန်ပြည်နယ်တွင် ဒုတိယအင်အားအကြီးဆုံးပါတီအဖြစ် ထွက်ပေါ် လာသည့် မွန်ညီညွတ်ရေးပါတီ (MUP) နှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) တို့သည် စစ်ဘက်ဆိုင်ရာ အသိုင်းအဝိုင်းနှင့် ကာလရှည်ကြာသော အဖွဲ့အစည်းဆိုင်ရာ ဆက်ဆံရေးများ ရှိခဲ့ကြပြီး ၎င်းတို့၏ ခေါင်း ဆောင်ပိုင်းအချို့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)၏ အုပ်ချုပ်ရေးယန္တရားများတွင် ပါဝင် ပတ်သက်ခဲ့ကြသည်။

ရှမ်းပြည်နယ်တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP - ကျားဖြူပါတီ) သည် ယခင် ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်ပါက ရလဒ်များ သိသိသာသာ အားနည်းခဲ့ကြောင်း ဖြေဆိုသူများက မှတ်ချက်ပြုခဲ့ကြသည်။ အဆိုပါ ပါတီသည် ၂၀၁၀ ပြည့်နှစ်တွင် အမတ်နေရာ ၅၇နေရာအထိ အနိုင်ရရှိခဲ့ သော်လည်း ၂၀၂၅ ခုနှစ်တွင်မူ အချိုးကျကိုယ်စားပြုစနစ် (PR) မှရရှိသော ၂၆နေရာ အပါအဝင် စုစုပေါင်း ၃၉နေရာသာ အနိုင်ရရှိခဲ့သည်။ ဤရလဒ်သည် ယခင်ကကဲ့သို့ ရှမ်းပြည်နယ်ရှိ မြို့နယ် အတော်များများ တွင် ၎င်းပါတီအနေဖြင့် ထောက်ခံအားပေးမှု လျော့ပါးလာကြောင်း ညွှန်ပြနေသည်။ သို့သော် ချင်း၊ မွန်၊ နာဂနှင့် ကရင်ဒေသများတွင်မူ မဲပေးမှုပုံစံများသည် မိမိတို့၏ တိုင်းရင်းသားဝိသေသ လက္ခဏာအပေါ် အခိုင်အမာ အခြေခံနေသည်ကို တွေ့ရှိရသည်။ အဆိုပါနယ်မြေရှိ ဒေသခံများသည် စစ်တပ်ကျော ထောက်နောက်ခံပြုထားသည့် USDP ထက် မိမိတို့၏ တိုင်းရင်းသားလက္ခဏာနှင့် တစ်သားတည်းဖြစ် သော ပါတီများကိုသာ ထောက်ခံအားပေးသည့် လားရာရှိခဲ့ကြသည်။

ကရင်ပြည်နယ်တွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ တစ်နေရာမျှ အနိုင်ရရှိခြင်း မရှိခဲ့သည့် ကရင်အမျိုး သားဒီမိုကရက်တစ်ပါတီ (KNDP) သည် ၂၀၂၅ ခုနှစ်တွင် မဲအများဆုံးရသူအနိုင်ရသည့်စနစ် (FPTP) ဖြင့် ၃နေရာ အပါအဝင် စုစုပေါင်း အမတ်နေရာ ၇နေရာ အနိုင်ရရှိခဲ့သည်။ ဤကဲ့သို့ ပြောင်းလဲလာမှုကို ဒေသ ခံဖြေဆိုသူများက စစ်တပ် ကျောထောက်နောက်ခံပြုထားသည့် ပါတီအပေါ် လူထုက ငြင်းပယ်လိုက် ခြင်းသာဖြစ်ကြောင်း ဆိုကြသည်။ KNDP အနေဖြင့် မဲဆွယ်စည်းရုံးရေးနယ်မြေ ကန့်သတ်ချက်များနှင့် လုံခြုံရေးဆိုင်ရာ အခက်အခဲများ ရှိနေသည့်ကြားမှ ယခုကဲ့သို့ အောင်မြင်မှု ရရှိခဲ့ခြင်းသည် တိုင်းရင်း သားဒေသများရှိ မဲဆန္ဒရှင်များသည် ရရှိနိုင်သော အကန့်အသတ်ရှိသည့် နိုင်ငံရေးအခင်းအကျင်းအတွင်း မှပင် ၎င်းတို့၏ ဆန့်ကျင်ကန့်ကွက်မှုကို ဖော်ပြခဲ့ကြခြင်းဖြစ်သည်။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် နာဂအမျိုးသားပါတီသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် တစ်နေရာမျှ အနိုင်ရရှိခဲ့ခြင်း မရှိသော်လည်း ၂၀၂၅ ခုနှစ်တွင်မူ မဲဆန္ဒနယ်အများအပြား၌ အနိုင်ရရှိခဲ့ သည်။ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူတစ်ဦး၏ မှတ်ချက်အရ မဲဆန္ဒရှင်များသည် စစ်တပ် ကျောထောက်နောက်ခံပြု USDP ပါတီကို မထောက်ခံလိုသည့်အတွက်ကြောင့်သာ ၂၀၂၀ ပြည့်နှစ်က ရွေးချယ်ခဲ့ခြင်းမရှိသည့် ပါတီများကို ယခုအခါ ပြောင်းလဲထောက်ခံခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ ဤအချက်သည် စစ်အုပ်ချုပ်ရေးအပေါ် ဆက်လက် ဆန့်ကျင်နေမှုကို ပြသသည့် အရိပ်အယောင်တစ်ခု ပင်

## ရွေးချယ်ခွင့်မဲ့ မဲဆန္ဒရှင်များ

ဖြစ်သည်။ တီးတိန်မြို့နယ်တွင်လည်း မဲဆန္ဒရှင်များသည် ဇိုမီးအမျိုးသားပါတီ (Zomi National Party)ကို အဓိကထား ထောက်ခံခဲ့ကြပြီး ၎င်းမှာ ခိုင်မာသော တိုင်းရင်းသားဝိသေသ လက္ခဏာအပေါ် အခြေခံသည့် ဆက်နွယ်မှုကို ထင်ဟပ်စေသည်။ တီးတိန်မြို့နယ်၏ မဲပေးမှုနှုန်းသည် ဟားခါးမြို့နယ် ထက် ၂၀ ရာခိုင်နှုန်းခန့် ပိုမိုမြင့်မားခဲ့ပြီး ၎င်းမှာ ဒေသခံများအနေဖြင့် မိမိတို့၏ တိုင်းရင်းသားပါတီအပေါ် ပိုမိုခိုင်မာစွာ သတ်မှတ်အားကိုးခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

မွန်ပြည်နယ်တွင်လည်း မွန်ညီညွတ်ရေးပါတီ (MUP) သည် အလားတူပင် တိုင်းရင်းသားအင်အား စုစည်း မှုပုံစံကို ပြသခဲ့သည်။ မွန်ပြည်နယ်အတွင်း ယှဉ်ပြိုင်ခဲ့သော ပြည်သူ့လွှတ်တော် အမတ်နေရာ ၁၀နေရာ အနက် ၅နေရာနှင့် အမျိုးသားလွှတ်တော် အမတ်နေရာ ၁၂နေရာအနက် ၅နေရာကို MUP က အနိုင်ရရှိခဲ့ ပြီး ၎င်းမှာ အဆိုပါပြည်နယ်အတွင်း USDP ပါတီ ရရှိခဲ့သည့် အရေအတွက်နှင့် တူညီနေသည်။ တစ်နိုင်ငံ လုံး အတိုင်းအတာဖြင့် ကြည့်လျှင်လည်း MUP သည် ၂၀၂၀ ပြည့်နှစ်တွင် အမတ်နေရာ ၁၂ နေရာသာ အနိုင်ရခဲ့သော်လည်း ၂၀၂၅ ခုနှစ်တွင် ၁၇နေရာအထိ အနိုင်ရရှိခဲ့သည်။ ဤအချက်က မွန်ဒေသရှိ မဲဆန္ဒ ရှင်များသည် စစ်တပ် ကျောထောက်နောက်ခံပြုထားသော ပါတီထက် မိမိတို့၏ တိုင်းရင်းသားပါတီကို သာ ပိုမိုရွေးချယ်ခဲ့ကြကြောင်း ညွှန်ပြနေသည်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) သည် ၂၀၁၀ ပြည့်နှစ်မှစတင်ခဲ့သည့် အစဉ်အလာအတိုင်း ပအိုဝ်းဒေသ များတွင် ရွေးကောက်ပွဲအောင်နိုင်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ၎င်းတို့၏ ကိုယ်စားလှယ်လောင်း ၁၀ဦးစလုံး အနိုင်ရခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ယှဉ်ပြိုင်ခဲ့သည့် ၁၁နေရာအ နက် ၁၀နေရာ အနိုင်ရရှိခဲ့ကာ ၂၀၂၅ခုနှစ်တွင်မူ အမတ်နေရာ ၁၈နေရာအထိ ထပ်မံအနိုင်ရရှိခဲ့သည်။ အထူးသဖြင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် (ယခင် ဒုတိယ ဗိုလ်ချုပ်ကြီးနှင့် အမှတ် (၂) စစ်ဆင်ရေးအထူးအဖွဲ့မှူး) ကို PNO ကိုယ်စားလှယ်လောင်းတစ်ဦးက အနိုင်ယူခဲ့ခြင်းမှာ စစ်တပ်မှ တိုက် ရိုက်လာသော ပုဂ္ဂိုလ်များအပေါ် မထောက်ခံလိုသော လူထုဆန္ဒ၏ အစိတ်ပိုင်းတစ်ခုပင် ဖြစ်သည်။

မွန်ပြည်နယ်တွင် ကြိုတင်မဲများ၏ အခန်းကဏ္ဍမှာ ရလဒ်အပေါ် သိသိသာသာ အဆုံးအဖြတ်ပေးနိုင်ခဲ့ သည်။ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရသည့် မဲဆန္ဒနယ်တစ်ခုတွင် မဲရုံရလဒ်များအရ မွန်ညီညွတ်ရေးပါတီ (MUP) ကိုယ်စားလှယ်လောင်းက ထောက်ခံမဲ ၂၀,၀၃၁မဲ ရရှိခဲ့ပြီး မွန်ပြည်နယ် ဝန်ကြီးချုပ်ဟောင်း ဦးအောင်ကြည်သိန်းက ၁၈,၉၆၁မဲသာ ရရှိခဲ့သည်။

## ရွေးချယ်ခွင့်မဲ့ မဲဆန္ဒရှင်များ

သို့သော်လည်း ဦးအောင်ကြည်သိန်း၏ ရရှိမဲများထဲသို့ ကြိုတင်မဲ ၂,၁၇၀ မဲ ပေါင်းထည့်လိုက်ခြင်းကြောင့် ၎င်းက မဲအရေအတွက် ၅၁၆ မဲအသာ ဖြင့် အနိုင်ရရှိသွားခဲ့သည်။ နောက်ဆုံးရလဒ်မှာ စစ်တပ်နှင့် နီးစပ်သည့် ကိုယ်စားလှယ်လောင်းဘက်သို့ အားသာသွားခဲ့သော်လည်း မဲရုံများမှ ထွက်ပေါ်လာသော ရလဒ်များက စစ်တပ်ကျောထောက်နောက်ခံပြု ပါတီအပေါ် ဒေသခံလူထု၏ ပြင်းထန်သော ငြင်းပယ်မှုကို ဖော်ပြနေသည်။ နောက်ဆုံးအချိန်မှ ရောက်ရှိ လာသော ကြိုတင်မဲများ၏ အဆုံးအဖြတ်ပေးနိုင်မှုသည် အုပ်ချုပ်ရေးပိုင်းမှ ထိန်းချုပ်ထားသော မဲစုစု ပေါင်းများက ရလဒ်ကို ပုံဖော်ရာတွင် မည်မျှလွှမ်းမိုးမှု ရှိနေသနည်းဟူသည့် ကျယ်ပြန့်သော စိုးရိမ်မှုများ ကို ပိုမိုခိုင်မာစေခဲ့သည်။

ခြုံငုံသုံးသပ်ရလျှင် တိုင်းရင်းသားဒေသများတွင် ကျယ်ပြန့်သော ချန်လှပ်မှုများ၊ နေရပ်စွန့်ခွာရမှုများ၊ အတင်းအကျပ် ခိုင်းစေမှုများနှင့် အုပ်ချုပ်ရေးပိုင်းမှ ကြိုးကိုင်ခြယ်လှယ်မှုများက လူထုပါဝင်မှုကို ကန့်သတ်ခဲ့သော်လည်း မဲပေးခွင့်ရရှိခဲ့သည့် ဒေသများတွင်မူ တိုင်းရင်းသားဝိသေသ လက္ခဏာသည် မဲပေးရွေးချယ်မှုအတွက် အားကောင်းသော ဆုံးဖြတ်ချက်ပေးသည့် အချက်အဖြစ် ဆက်လက်တည်ရှိ နေခဲ့သည်။ တင်းကျပ်သော ကန့်သတ်ချက်များအောက်တွင်ပင် လူထု အတော်များများမှာ စစ်တပ် ကျော ထောက်နောက်ခံပြု USDP ထက် မိမိတို့၏ တိုင်းရင်းသားပါတီများကိုသာ ရှင်းလင်းစွာ ရွေးချယ်ခဲ့ကြ သည်။ ယင်းက ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ် ချမှတ်ထားသော ဖွဲ့စည်းပုံဆိုင်ရာ ကန့်သတ်ချက်များ ရှိနေလင့်ကစား ဗဟိုချုပ်ကိုင်မှုရှိသော စစ်အုပ်ချုပ်ရေးအပေါ် လူထု၏ စွဲမြဲသော ဆန့်ကျင်မှုကို ပြသနေ ခြင်းပင် ဖြစ်သည်။

## အငြင်းပွားဖွယ်ရာများနှင့် ပွင့်လင်းမြင်သာမှု ကင်းမဲ့ခြင်း

ရွေးကောက်ပွဲကာလအတွင်း စစ်တပ်နှင့် နီးစပ်သည်ဟု ယေဘုယျအားဖြင့် ယူဆကြသည့် ပါတီများပင် လျှင် ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်၍ လူသိရှင်ကြား ထုတ်ဖော်ခဲ့ကြသည်။ ပြည်သူ့ပါတီ (People’s Party)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) နှင့် မြန်မာ့လယ်သမားဖွံ့ဖြိုးရေးပါတီတို့ သည် ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်၌ မှုမမှန်မှုများနှင့် ပွင့်လင်းမြင်သာမှု ကင်းမဲ့ခြင်းများရှိနေကြောင်း ဖော်ပြကာ စုံစမ်းစစ်ဆေးပေးရန်

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ တရားဝင်စာ ပေးပို့တိုင်ကြားခဲ့ ကြသည်[21]။ အဆိုပါ ပါတီများက ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်များကို စစ်တပ်ကျောထောက်နောက်ခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) အဖွဲ့ဝင်များကသာ လွှမ်းမိုးထားပြီး အခြားပါတီ များမှ ကိုယ်စားလှယ်များကိုမူ မဲစာရင်းစောင့်ကြည့်ခြင်း၊ ကောက်ခံခြင်းနှင့် စစ်ဆေးအတည်ပြုခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်မပြုဘဲ ချန်လှပ်ထားခဲ့ကြောင်း အထူးပြု တိုင်ကြားခဲ့ကြသည်။ ရှေ့ပိုင်း ကဏ္ဍများတွင် မှတ်တမ်းတင်ထားသည့်အတိုင်း USDP သည် ကြိုတင်မဲအရေအတွက်မှာ စုစုပေါင်းမဲ ရလဒ်၏ အဆုံးအဖြတ်ပေးနိုင်သော အချိုးအစားဖြစ်နေသည့် မဲဆန္ဒနယ်အမြောက်အမြားတွင် အနိုင်ရရှိ ခဲ့သည်။ ထို့ကြောင့် နီးစပ်သည့်ပါတီများ၏ တိုင်ကြားမှုများသည် ကြိုးကိုင်ခြယ်လှယ်မှုအပေါ် အတိုက် အခံများတွင်သာ ရှိနေခြင်းမဟုတ်ဘဲ စစ်တပ်နှင့် နီးစပ်သည့် ပါတီများပင်လျှင် မကျေလည်သည်ကို ဖော်ပြနေသည်။

လွတ်လပ်သော နိုင်ငံတကာလေ့လာစောင့်ကြည့်မှုမှာလည်း မရှိသလောက်ပင်နည်းပါးသည်။ ဘီလာရုစ်၊ တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ နီကာရာဂွာ၊ နီပေါ၊ ရုရှား၊ ကာဇက်စတန် နိုင်ငံတို့မှ လေ့လာ စောင့်ကြည့်သူ အရေအတွက် အနည်းငယ်နှင့် အာရှနိုင်ငံရေးပါတီများ အပြည်ပြည်ဆိုင်ရာ ညီလာခံ (ICAPP) မှ ကိုယ်စားလှယ်များသည် ရွေးကောက်ပွဲ၏ အပိုင်း (၁)နှင့် အပိုင်း (၃)အချို့ကို လေ့လာခဲ့ကြ သည်ဟု သိရသည်။ သို့သော်လည်း ၎င်းတို့၏ လေ့လာစောင့်ကြည့်ရေးခရီးစဉ်များကို ရန်ကုန်နှင့် နေပြည် တော်ရှိ မြို့ပြနယ်နိမိတ်များတွင်သာ အဓိက လေ့လာနိုင်ခဲ့သည်။ ၂၀၁၅ နှင့် ၂၀၂၀ ရွေးကောက်ပွဲ များနှင့်မတူဘဲ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လေ့လာစောင့်ကြည့်သူများ ဖြန့်ကျက်ချထားနိုင်ခြင်း မရှိ သကဲ့သို့ ပဋိပက္ခဖြစ်ပွားရာဒေသများ သို့မဟုတ် တိုင်းရင်းသားဒေသများတွင်လည်း ထိရောက်သော စောင့်ကြည့်လေ့လာမှုများ မရှိခဲ့ပေ။ ယခုကဲ့သို့ ဘက်စုံလွှမ်းခြုံသည့် စောင့်ကြည့်မှုများ ကင်းမဲ့နေခြင်း သည် စောင့်ကြည့်လေ့လာရေး ကြိုးပမ်းမှုများသည် လက်တွေ့ကျကျ စစ်ဆေးမှုထက် ဟန်ပြသဘော သာ ဖြစ်သည်ဟူသော အယူအဆများကို ပိုမို ခိုင်မာစေခဲ့သည်။

[21] **BBC News Burmese (Facebook page),** Facebook post, January 3, 2026, "ကြိုတင်မဲကိစ္စ ပါတီခေါင်းဆောင်တချို့ စစ်ခေါင်းဆောင်ဆီစာပို့," Facebook, https://www.facebook.com/BBCnewsBurmese/posts/pfbid0286ej4wRnNmYGpCp5RzPzpcgwTD3Qs2JVpaMBvA2zkTvmEbfm1jqF3qs6M32yE5qal

တရုတ်နှင့် ရုရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များက ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်ဟု ဖော်ပြခဲ့ကြသော်လည်း နိုင်ငံတကကာ ဒီမိုကရေစီအဖွဲ့အစည်းများနှင့် ဒေသတွင်း အင်အားစုများကမူ သိသိ သာသာ ကွဲပြားသောသုံးသပ်ချက်ကို ထုတ်ဖော်ခဲ့ကြသည်။ ဖေဖော်ဝါရီ ၆ရက်နေ့တွင် International IDEA အဖွဲ့က ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး စစ်တပ်က ဦးစီးကျင်းပသော ရွေးကောက်ပွဲများ သည် လွတ်လပ်၊ တရားမျှတပြီး အားလုံးပါဝင်နိုင်သော ရွေးကောက်ပွဲ ဖြစ်စေရန်အတွက် အနိမ့်ဆုံး လိုအပ်ချက်များကိုပင် ပြည့်မီခြင်းမရှိကြောင်း မှတ်ချက်ပြုခဲ့သည်။ [22]ထိုလုပ်ငန်းစဉ်သည် မြန်မာပြည်သူ တို့၏ ဆန္ဒကို ကိုယ်စားပြုရန်ထက် စစ်တပ်က ဆက်လက် အုပ်ချုပ်နိုင်ရေးအတွက် အရပ်သားအစိုးရ ယောင်ဆောင်ကာ တရားဝင်မှုအပေါ်ယံလွှာတစ်ခု ဖန်တီးရန် ရည်ရွယ်ပုံရကြောင်းလည်း ဖော်ပြခဲ့သည်။

International IDEA ၏ ရပ်တည်ချက်သည် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူး အစီရင်ခံစာတင်သွင်းသူ၊ ဥရောပသမဂ္ဂ (EU) နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) တို့၏ ရပ်တည်ချက်နှင့် ထပ်တူကျနေပြီး အဆိုပါအဖွဲ့အစည်းများအားလုံးသည် စစ်တပ်က ဦးစီးသည့်ရွေး ကောက်ပွဲများကို ထောက်ခံရန် သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းဆိုခဲ့ကြသည်။ ရွေးကောက်ပွဲများကို အသိအမှတ်ပြုရန် အာဆီယံ၏ ငြင်းဆိုမှုသည် ဤလုပ်ငန်းစဉ်သည် ယုံကြည်စိတ်ချရမှု ကင်းမဲ့နေပြီး တရားဝင်မှု မပေးသင့်ကြောင်း ဒေသတွင်းနှင့် နိုင်ငံတကကာတွင် ဘုံသဘောတူညီချက်တစ်ရပ် ပိုမိုခိုင်မာ လာသည်ကို ထင်ဟပ်စေသည်။

မြန်မာနိုင်ငံတွင် ယခင်က ရွေးကောက်ပွဲများကို လေ့လာစောင့်ကြည့်ခဲ့ဖူးသူတစ်ဦးက စစ်တပ်က စီစဉ် သည့် ဤလုပ်ငန်းစဉ်သည် လွတ်လပ်ပြီး တရားမျှတမှုရှိရန် အလွန်ပင် အလှမ်းဝေးနေကာ အခြားအမည် ခံအဖွဲ့အစည်းပုံစံတစ်ခုဖြင့် စစ်အုပ်ချုပ်ရေး သက်ဆိုးရှည်စေရန်အတွက် ကြိုးကိုင် ခြယ်လှယ်ထားခြင်း သာဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုဖြေဆိုသူ၏ အဆိုအရ ရွေးကောက်ပွဲသည် စစ်မှန်သော ဒီမိုကရေ စီကူးပြောင်းရေးကို ဖော်ဆောင်ရန်ထက် နိုင်ငံတကကာ

[22] **International Institute for Democracy and Electoral Assistance (International IDEA),** "*International IDEA Statement: Marking Five Years Since Myanmar's Military Coup*," *International IDEA*, February 4, 2026, https://www.idea.int/news/international-idea-statement-marking-five-years-myanmars-military-coup

အသိုင်းအဝိုင်းကို လမ်းများသို့ပို့ရန် (သို့မဟုတ်) လှည့်ဖြားရန်သာ အဓိက ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။

## စောင့်ကြည့်လေ့လာရေး ချဉ်းကပ်မှုနှင့် မျှော်လင့်ချက်နည်းပါးမှု

တိုင်းရင်းသားဒေသများမှ ဖြေဆိုသူများ၏ အဆိုအရ ရွေးကောက်ပွဲအလွန် အစိုးရအပေါ် မျှော်လင့်ချက် မှာ အလွန်အမင်း နည်းပါးလျက်ရှိသည်။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ် တော်အတွင်း နိုင်ငံရေးဆိုင်ရာ မေးခွန်းများကို လွတ်လပ်စွာ မေးမြန်းနိုင်လိမ့်မည်ဆိုသည်ကို လူထုက သံသယရှိနေကြသည်။ အကယ်၍ ကိုယ်စားလှယ်များက အနှစ်သာရရှိသော နိုင်ငံရေးမေးခွန်းများကို မေးမြန်းနိုင်ခဲ့ပါက အံ့သြစရာပင် ဖြစ်လိမ့်မည်ဟု ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ဖြေဆိုသူများက မှတ်ချက်ပြုခဲ့ကြသည်။ လွှတ်တော်အတွင်း ဆွေးနွေးမှုများသည် နိုင်ငံရေးအရ ထိရှလွယ်သော ကိစ္စရပ် များကို ရှောင်လွှဲပြီး ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကိုသာ ကျဉ်းမြောင်းစွာ အာရုံစိုက်လိမ့်မည်ဟု ၎င်းတို့ က မျှော်လင့်ထားကြသည်။

လွှတ်တော်သည် စစ်မှန်သော လွတ်လပ်သည့် ဥပဒေပြုအဖွဲ့အစည်းတစ်ခုအဖြစ် လုပ်ဆောင်နိုင်လိမ့် မည်မဟုတ်ဟု ဖြေဆိုသူအများအပြားက ယုံကြည်ကြသည်။ ယင်းအစား လွှတ်တော်ကိုယ်စားလှယ်များ သည် မှားယွင်းသော မေးခွန်းများမေးမိခြင်း သို့မဟုတ် လက်မခံနိုင်ဖွယ်ရာဟု ယူဆရသည့် အဆိုပြုချက် များ တင်သွင်းမိခြင်းတို့အတွက် စိုးရိမ်ရသည့် ကြောက်ရွံ့မှု အဝန်းအဝိုင်းအတွင်း၌သာ လုပ်ကိုင်ကြရ ဖွယ်ရှိသည်။ တိုင်းရင်းသားပါတီ ၂၉ပါတီက ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၃ ပါတီက အမတ်နေရာများ ရရှိခဲ့သော်လည်း မဲဆန္ဒရှင်များ ပါဝင်မဲပေးခြင်းမှာ မျှော်လင့်ချက်ရှိ၍မဟုတ်ဘဲ အခြား ရွေးချယ်စရာ မရှိခြင်းကြောင့်သာဖြစ်ကြောင်း ဖြေဆိုသူများက အလေးပေးပြောကြားခဲ့သည်။ တိုင်းရင်း သားဒေသများတွင် တိုင်းရင်းသားပါတီများ စုစုပေါင်း အမတ်နေရာ ၁၅၅ နေရာ အနိုင်ရရှိခဲ့သော်လည်း ထိုဒေသရှိ လူထုကမူ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး သို့မဟုတ် အနှစ်သာရရှိသော ဖွံ့ဖြိုးတိုးတက်မှုများ နောက်ဆက်တွဲ ဖြစ်ပေါ်လာလိမ့်မည်ဟု မမျှော်လင့်ကြောင်း တစိုက်မတ်မတ် ပြောဆိုခဲ့ကြသည်။

မဲပေးခြင်းသည် လူအများစုအတွက် အုပ်ချုပ်ရေးဆိုင်ရာ ရလဒ်များအပေါ် ယုံကြည်မှုကြောင့် မဟုတ်ဘဲ မိမိတို့၏ တိုင်းရင်းသား အစုအဖွဲ့အပေါ် သစ္စာစောင့်သိမှုကြောင့်သာ ဖြစ်သည်ဟု ဖော်ပြကြသည်။ အချို့ဒေသများတွင် မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုများ အကန့်အသတ်ရှိခြင်းက လူထုပါဝင်ပတ်သက်မှုကို ပိုမို အားနည်းစေခဲ့သည်။ မဲဆန္ဒရှင် အများအပြားမှာ အသစ်မိတ်ဆက်လိုက်သော မဲပေးစက်များနှင့် ရင်းနှီး ကျွမ်းဝင်မှု မရှိသကဲ့သို့ လုံလောက်သော မဲပေးမှုဆိုင်ရာ အသိပညာပေးမှုများလည်း မရရှိခဲ့ကြပေ။ ရှမ်းနီဒေသမှ ဖြေဆိုသူတစ်ဦးက ရှမ်းနီတိုင်းရင်းသားပါတီများ အမတ်နေရာ အနိုင်ရရှိခဲ့သော်လည်း မျှော်လင့်ချက်မှာမူ အနည်းငယ်သာရှိကြောင်း မှတ်ချက်ပြုခဲ့သည်။ တိုင်းရင်းသားပါတီများသည် ဒေသတွင်းလိုအပ်ချက်များကို ပိုမိုနားလည်နိုင်သော်လည်း စစ်တပ်၏ လွှမ်းမိုးမှုအောက်တွင် စနစ်တကျ ပြောင်းလဲမှုများ ဖော်ဆောင်နိုင်စွမ်းရှိမရှိကိုမူ သံသယရှိနေကြပြီး အများစု၏ သဘောထားမှာ စောင့်ကြည့်ရုံသာ ဖြစ်သည်။

## စစ်အုပ်ချုပ်ရေး သက်ဆိုးရှည်မှုနှင့် အစိုးရဖွဲ့စည်းခြင်း

စစ်တပ်က အုပ်ချုပ်ရေးကို ဆက်လက် လွှမ်းမိုးထားနိုင်မည့် အလားအလာမှာ အလွန်မြင့်မားလျက်ရှိသည်။ ဘီဘီစီနှင့် အင်တာဗျူးတစ်ခုတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ဗဟိုအ လုပ်အမှုဆောင်အဖွဲ့ဝင်နှင့် နေပြည်တော်ကောင်စီ USDP ဥက္ကဋ္ဌ ဦးလှဆွေက တိုင်းရင်းသားပြည်နယ် များကို ရည်ညွှန်း၍ အငြင်းပွားဖွယ်ရာဒေသများတွင် ဝန်ကြီးချုပ်များကို တိုက်ရိုက်ခန့်အပ်သွားမည့် အခြေအနေရှိကြောင်း အတည်ပြုပြောကြားခဲ့သည်[23]။ မွန်ပြည်နယ်မှာ အထူးသဖြင့် အရေးပါပုံရသည်။ မွန်ပြည်နယ် လွှတ်တော်အတွက် စစ်တပ်ကခန့်အပ်သည့် ကိုယ်စားလှယ်များထဲတွင် ဗိုလ်မှူးချုပ်အဆင့် ရှိသူ ဗိုလ်မှူးချုပ်အောင်ဝင်းသန်း ပါဝင်နေသည့် တစ်ခုတည်းသော ပြည်နယ်၊တိုင်းဒေသကြီးဖြစ်ကြောင်း သိရသည်။ အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စစ်တပ်က ခန့်အပ်သည့် အမြင့်ဆုံးအဆင့် မှာ ဗိုလ်မှူးကြီးအဆင့်သာ ရှိသည်။ ထို့ကြောင့် ဗိုလ်မှူးချုပ်အောင်ဝင်းသန်းကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ် လာနိုင်သည့် အလားအလာမှာ ပိုမိုမြင့်မားနေခြင်း ဖြစ်သည်။

---

[23] **BBC Burmese (Facebook page),** Facebook video post, March 1, 2026, “Interview with U Hla Swe,” Facebook, https://www.facebook.com/share/v/1BvWW9ckcH/?mibextid=wwXIfr

လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များအရ စစ်တပ်က ခန့်အပ်ထားသည့် လွှတ်တော်ကိုယ်စား လှယ်များ အပါအဝင် လွှတ်တော်ကိုယ်စားလှယ် မည်သူမဆို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရရန် အရည်အ ချင်း ပြည့်မီသည်။ ဤကဲ့သို့သော ဖွဲ့စည်းပုံအရ ရွေးကောက်ပွဲရလဒ် မည်သို့ပင်ဖြစ်စေ စစ်တပ်အနေဖြင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ခန့်အပ်မှုများအပေါ် အဆုံးအဖြတ်ပေးနိုင်သည့် သြဇာအာဏာကို ဆက်လက် ဆုပ်ကိုင်ထားနိုင်မည်ဖြစ်သည်။ အမှန်တကယ်တွင်လည်း စစ်အုပ်ချုပ်ရေးအောက်တွင် ခန့်အပ်ခံထားရ သည့် လက်ရှိ ဝန်ကြီးချုပ် အများအပြားသည် USDP အလံတော်အောက်မှ ဝင်ရောက်ယှဉ်ပြိုင်ကာ အမတ်နေရာများ အနိုင်ရရှိခဲ့ကြပြီး ၎င်းတို့၏ ရာထူးနေရာများကို ဆက်လက် ထိန်းသိမ်းထားနိုင်ရန် အခြေအနေ ဖန်တီးခဲ့ကြသည်။

သာဓကအားဖြင့် -

- ကချင်ပြည်နယ်တွင် စစ်ကောင်စီ၏ ဝန်ကြီးချုပ်ဖြစ်သူ ဦးခက်ထိန်နန်သည် ပြည်နယ်လွှတ်တော် အမတ်နေရာ၌ အနိုင်ရရှိခဲ့သည်။
- မွန်ပြည်နယ်တွင် စစ်ကောင်စီ၏ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် လွှတ်တော်အမတ်နေရာ ၌ အနိုင်ရရှိခဲ့သည်။
- ကယား(ကရင်နီ)ပြည်နယ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်ဟောင်းနှင့် လက်ရှိ အမျိုး သားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ (NDSC) အကြံပေးအဖွဲ့ဝင် ဦးပိုးရယ်အောင်သိန်း သည် ပြည်နယ်လွှတ်တော်အမတ်နေရာ၌ အနိုင်ရရှိခဲ့သည်။
- ချင်းပြည်နယ်တွင် စစ်ကောင်စီ၏ ဝန်ကြီးချုပ် ဒေါက်တာဝေါ်င်းဆွန်းထန်သည် လွှတ်တော်အ မတ်နေရာကို ရရှိခဲ့သည်။
- ကရင်ပြည်နယ်တွင် စစ်ကောင်စီ၏ ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ရွေးကောက်ပွဲ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရရှိခဲ့သည်။

၎င်းတို့အားလုံးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) အမည်ဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။ ရှမ်းပြည်နယ်တစ်ခုတည်းတွင်သာ လက်ရှိဝန်ကြီးချုပ်သည် တိုင်းရင်း သားပါတီ ကိုယ်စားလှယ်လောင်းကို ရှုံးနိမ့်ခဲ့သည်။ USDP ၏ ရွေးကောက်ပွဲ အောင်နိုင်မှုများ ရှိနေ သော်လည်း လွှတ်တော်ခေါ်ယူရန် နီးကပ်လာချိန်အထိ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အစိုးရ အဖွဲ့ဝင်များ ရွေးချယ်ခြင်းနှင့် ဝန်ကြီးချုပ်များ ခန့်အပ်ခြင်းတို့တွင် နက်နက်ရှိုင်းရှိုင်း ပါဝင်ပတ်သက် နေဆဲဖြစ်ကြောင်း အစီရင်ခံစာများက

ဖော်ပြနေသည်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံ တော်သမ္မတရာထူးကို ရယူနိုင်သလို သို့မဟုတ်လျှင်လည်း အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီ ရင်ရေးကဏ္ဍများကို ကြီးကြပ်ကွပ်ကဲကာ အသစ်ဖွဲ့စည်းမည့် ပြည်ထောင်စုတိုင်ပင်ခံကောင်စီ (Union Consultative Council)၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူနိုင်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် ခန့်မှန်းနေကြသည်။ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ပြီး အနိုင်ရခဲ့သည့် စစ်တပ် အရာရှိကြီးများနှင့် စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ် အများအပြားမှာလည်း ၎င်းတို့၏ ရွေးကောက်ပွဲဆိုင်ရာ တရားဝင်မှုကို အသုံးချကာ အသစ်ဖွဲ့စည်းမည့် အစိုးရအဖွဲ့အတွင်းရှိ ရာထူးနေရာများသို့ တိုက်ရိုက်ကူးပြောင်းလာ ကြလိမ့်မည်ဟု မျှော်လင့်ရသည်။ ဦးလှဆွေ၏ ဘီဘီစီအင်တာဗျူးအရ အစိုးရအဖွဲ့သစ်ကို ရွေးကောက်ခံအမတ်များဖြင့် အဓိကဖွဲ့စည်းသွားမည်ဖြစ်ပြီး အဆိုပါအမတ်များထဲတွင် လက်ရှိ ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ် စစ်ဘက်ဆိုင်ရာ အရာရှိကြီး များစွာ ပါဝင်နေသည်။

ယင်းက အုပ်ချုပ်ရေးယန္တရားသစ်သည် အမည်နာမပြောင်းလဲထားသော အဖွဲ့အစည်းဆိုင်ရာ မူဘောင်အောက်တွင် ယခင်လူဟောင်းများဖြင့်သာ အဓိက လည်ပတ်သွားမည်ဖြစ်ကြောင်း ညွှန်ပြ နေသည်။ ထို့ကြောင့် တိုင်းရင်းသားဒေသများရှိ လူထုအနေဖြင့် အနှစ်သာရရှိသော အပြောင်းအလဲ များ ဖြစ်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ထားခြင်း မရှိကြပေ။ ယခုကဲ့သို့ လူဟောင်းများဖြင့်သာ ဆက်လက်တည်ရှိနေခြင်းသည် ဤရွေးကောက်ပွဲမှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ စတင်ရန် မဟုတ်ဘဲ စစ်အုပ်ချုပ်ရေးကို ပုံစံပြောင်းကာ တရားဝင် ဖြစ်စေရန်နှင့် သက်တမ်းတိုးရန်အတွက် ဖန်တီးထားသည့် ယန္တရားတစ်ခုသာ ဖြစ်သည်ဟူသော အယူအဆကို ပိုမို ခိုင်မာစေသည်။

## အသစ်ဖွဲ့စည်းလိုက်သော အစိုးရ၏ တရားဝင်မှု အားနည်းချက်

စစ်တပ်က စီစဉ်ကျင်းပခဲ့သော ရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် အစိုးရသည် အလွန်နက် ရှိုင်းသော တရားဝင်မှုဆိုင်ရာ အားနည်းချက် (Legitimacy Deficit) နှင့် ရင်ဆိုင်နေရသည်။ ချင်းပြည် နယ်ကဲ့သို့သော ဒေသများတွင် ရွေးကောက်ခံအမတ်များသည် မြို့နယ်အရေအတွက် အနည်းငယ်ကိုသာ ကိုယ်စားပြုနိုင်ပြီး ရခိုင်ပြည်နယ်တွင်လည်း ကိုယ်စားပြုနိုင်မှုမှာ မြို့အနည်းငယ်တွင်သာ ကန့်သတ်ထား ရှိသည်။ ပဋိပက္ခများ သို့မဟုတ်

စီမံခန့်ခွဲမှုဆိုင်ရာ ကန့်သတ်ချက်များကြောင့် နယ်မြေအမြောက်အများ မှာ မဲပေးခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်မရဘဲ ချန်လှပ်ခံခဲ့ရသည်။

နယ်မြေဒေသများ ချန်လှပ်ခံရခြင်း၊ မဲပေးသူဦးရေ နည်းပါးခြင်း၊ နေရပ်စွန့်ခွာရမှုများ၊ ပါတီများအကြား ယှဉ်ပြိုင်နိုင်မှု ကန့်သတ်ချက်များ၊ ဖိအားပေးစေခိုင်းမှုများနှင့် အငြင်းပွားဖွယ်ရာ ကြိုတင်မဲ လုပ်ငန်းစဉ် များ စသည့်အချက်များ ပေါင်းစပ်လိုက်သောအခါ ဒီမိုကရေစီနည်းကျ တရားဝင်မှု ရှိသည်ဟူသော ပြောဆိုချက်များကို သိသိသာသာ လျော့ပါးစေသည်။ ပုံမှန်အားဖြင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ တရားဝင်မှု (Procedural legitimacy)ကို ရွေးကောက်ပွဲလုပ်ငန်းစဉ်များမှတဆင့် ရရှိလေ့ရှိသော်လည်း ဤရွေး ကောက်ပွဲ၏ ကျဉ်းမြောင်းသော အတိုင်းအတာ၊ ကန့်သတ်ထားသော အခြေအနေများနှင့် အားလုံးပါဝင် နိုင်မှု ကင်းမဲ့ခြင်းတို့က တရားဝင်သောရွေးကောက်ပွဲကို အလှမ်းဝေးစေသည်။

ရလဒ်အနေဖြင့် ပြည်တွင်း၌ရော နိုင်ငံတကာတွင်ပါ အသစ်ဖွဲ့စည်းလိုက်သော အစိုးရသည် စစ်မှန်သော ပြည်သူ့ကိုယ်စားပြုမှု ကင်းမဲ့နေသည်ဟု ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်ကြသည်။ ဤလုပ်ငန်းစဉ်သည် မြန်မာနိုင်ငံ၏ မတူကွဲပြားသော လူထုဆန္ဒကို ထင်ဟပ်စေရန်ထက် အရပ်သားအစိုးရ အယောင်ဆောင် ကာ စစ်တပ်၏အာဏာကို ခိုင်မာအောင်တည်ဆောက်ရန်သာ ပုံစံထုတ်ထားခြင်း ဖြစ်ပုံရသည်။ ထို့ ကြောင့် ရွေးကောက်ပွဲကို ကျင်းပခဲ့သော်လည်း နိုင်ငံတော်ယန္တရားမှာမူ အခြေခံအားဖြင့် ပြောင်းလဲမှု မရှိဘဲ ဆက်လက် တည်ရှိနေခြင်းသာ ဖြစ်သည်။

## လူဟောင်းများနှင့်အသစ်ဆိုသောအစိုးရ

စစ်တပ်သည် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် လွှတ်တော်အသစ်များကို ခေါ်ယူကျင်းပခဲ့ပြီး လုပ်ငန်း လည်ပတ်နေသည့် ဥပဒေပြုရေးမဏ္ဍိုင်များအဖြစ် ပုံဖော်ခဲ့သည်။ သို့သော်လည်း နိုင်ငံရေးအပြောင်းအ လဲနှင့် ဒီမိုကရေစီကူးပြောင်းရေးဆိုသည်မှာ ထုတ်ပြန်ချက်များစာသားများထက် မပိုဘဲ လွှတ်တော် ခေါင်းဆောင်ပိုင်းနှင့် အသစ်ဖွဲ့စည်းလိုက်သော အစိုးရအဖွဲ့၏ ပါဝင်ဖွဲ့စည်းပုံမှာ စစ်အုပ်ချုပ်ရေးယန္တရား နှင့် အနှစ်သာရသာမဟုတ် ပုံစံအရပါ ထပ်တူကျနေသည်ကို တွေ့ရသည်။ ရှိရင်းစွဲစစ်ခေါင်းဆောင်များနှင့် စစ်ကောင်စီအရာရှိဟောင်းများကိုသာ လွှတ်တော်တွင်း ရာထူးအသီးသီးသို့ ပြောင်းလဲနေရာချထားခြင်း ဖြစ်သည်။

**ရွေးချယ်ခွင့်မဲ့ မဲဆန္ဒရှင်များ**

နိုင်ငံ သုံးနိုင်ငံဖြစ်သည့် ရုရှား၊ တရုတ်နှင့် ဘီလာရုစ် တို့သာလျှင် စစ်ကောင်စီဦးဆောင်၍ အသစ်ခေါ်ယူကျင်းပသော လွှတ်တော်အပေါ် တစ်စုံတစ်ရာ အသိအမှတ်ပြုကြောင်း ပြသခဲ့ကြသည်။ သို့သော် ထိုသို့အသိအမှတ်ပြုမှုမှာ အစိတ်အပိုင်းအချို့သာဖြစ်ပြီး အပေါ်ယံပြသသည့်သဘောသာ ဖြစ်သည်။ ဂုဏ်ပြုလွှာများကို နိုင်ငံအချင်းချင်း အပြည့်အဝ သံတမန်ဆက်ဆံရေး လမ်းကြောင်းမှတစ်ဆင့် ပေးပို့ခြင်းမျိုးမဟုတ်ဘဲ လွှတ်တော်နှင့် ပါတီချင်း ချိတ်ဆက်သည့် လမ်းကြောင်းများမှတစ်ဆင့်သာ အဓိကပေးပို့ခဲ့ကြခြင်း ဖြစ်သည်။ အထူးသဖြင့် တရုတ်နိုင်ငံအနေဖြင့် တရားဝင်အစိုးရအဖွဲ့ကိုယ်စားပြု ပေးပို့ခြင်းမျိုးမဟုတ်ဘဲ တရုတ်ကွန်မြူနစ်ပါတီ၏ နိုင်ငံတကာဆက်ဆံရေးဌာနကသာ ကိုယ်စားပြုခဲ့သည်။ ထိုသို့ ကန့်သတ်ချက်များရှိနေသော ထိတွေ့ ဆက်ဆံမှုများသည် နိုင်ငံတကာ၏ ကျယ်ကျယ်ပြန့်ပြန့်

ပြည်သူ့လွှတ်တော်တွင် စစ်အစိုးရလက်ထက်က ဝန်ကြီးဟောင်းတစ်ဦးဖြစ်သည့် ရဲချုပ်ဟောင်းခင်ရီကို ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့ပြီး လက်ရှိပြန်ကြားရေးဝန်ကြီး မောင်မောင်အုန်းက ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန် ယူသည်။ အမျိုးသားလွှတ်တော်တွင်မူ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ အောင်လင်းဒွေး ကို ဥက္ကဋ္ဌအဖြစ် ခန့်အပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်ဟောင်းနှင့် လက်ရှိ တိုင်းရင်းသားလူ မျိုးများရေးရာ ပြည်ထောင်စုဝန်ကြီး ဂျေဖန်နော်တောင်ကို ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့သည်။ ပြည်နယ်နှင့်

တိုင်းဒေသကြီး အဆင့်များတွင်လည်း အလားတူပင်ဖြစ်ကာ လက်ရှိနှင့် ဝန်ကြီးဟောင်းများ၊ ဝန်ကြီးချုပ်ဟောင်းများက ဒေသန္တရလွှတ်တော်များတွင် ခေါင်းဆောင်မှုနေရာများ ရယူထားကြသည်။ ဤခန့်အပ်မှုများက အသစ် ဟုဆိုသော လွှတ်တော်အာဏာသည် ရှိရင်းစွဲ စစ်ဘက်-စစ်အုပ်ချုပ်ရေးနှင့် နီးကပ်စွာ ဆက်နွယ်နေဆဲ ဖြစ်ကြောင်း ပြသနေသည်။

သမ္မတရွေးချယ်မှု လုပ်ငန်းစဉ်ကလည်း ဤအဆက်အစပ်ကို ပိုမိုထင်ရှားစေသည်။ ဒုတိယ သမ္မတလောင်းများကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တပ်မတော်သားကိုယ်စားလှယ်များထံမှ အမည်စာရင်း တင်သွင်းခဲ့ကြသည်။ ပြည်သူ့လွှတ်တော်က အာဏာသိမ်းခေါင်းဆောင်၊ အိမ်စောင့်အစိုးရ ဝန်ကြီးချုပ်ဟောင်း၊ နစက ဥက္ကဋ္ဌနှင့် မိမိကိုယ်ကို ယာယီသမ္မတအဖြစ် ခန့်အပ်ထားသူ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား သမ္မတလောင်းအဖြစ် အမည်စာရင်း တင်သွင်းခဲ့သည်။ အမျိုးသားလွှတ်တော်ကမူ ကရင်ပြည်နယ်မှ USDP အဖွဲ့ဝင် ဒေါ်နန်းနီနီအေးကို ရွေးချယ်ခဲ့ပြီး အမျိုးသမီးကိုယ်စားလှယ်တစ်ဦး ပါဝင်လာမှုကို ပြသခဲ့သည်။ သို့သော်လည်း အဓိကကျသော ကိုယ်စားလှယ်များမှာ စစ်တပ်အသိုင်းအဝိုင်းနှင့် နီးကပ်သူများသာ ဖြစ်နေသဖြင့် ဤရွေးချယ်မှုမှာ အပေါ်ယံသဘောသာ ဖြစ်ပုံရသည်။ တပ်မတော်သားကိုယ်စားလှယ်များဘက်မှ တင်သွင်းသည့် ဒုသမ္မတမှာမူ လက်ရှိဝန်ကြီးချုပ်နှင့် ဗိုလ်ချုပ်ကြီး ဟောင်း ဦးညိုစော ဖြစ်သည်။

ခြုံငုံကြည့်ပါက လက်ရှိလွှတ်တော်နှင့် အုပ်ချုပ်ရေးပိုင်း ခေါင်းဆောင်မှု ဖွဲ့စည်းပုံမှာ အမည်ခံကူးပြောင်း မှုမျှသာဖြစ်ကြောင်း ညွှန်ပြနေသည်။ စစ်အုပ်စုမှ အဓိကပုဂ္ဂိုလ်များသည် အာဏာကို စွန့်လွှတ်ခြင်းမပြု ဘဲ ရာထူးနေရာများ ပြောင်းလဲခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ အမည်နာမများ အသစ်တပ်ခြင်းဖြင့်သာ အာဏာကို ဆက်လက် ဆုပ်ကိုင်ထားကြသည်။ လွှတ်တော်မူဘောင်အတွင်း ခေါင်းဆောင်မှုကဏ္ဍများကို ပုံစံသစ်ဖြင့် ဖော်ပြခြင်းမှာ အရပ်သားအုပ်ချုပ်ရေးပုံရိပ်ကို ဖော်ဆောင်ရန်ဖြစ်သော်လည်း အနှစ်သာရ အားဖြင့် လူဟောင်းများကပင် ဆုံးဖြတ်ချက်ချသည့် ယန္တရားများကို ဆက်လက် ချုပ်ကိုင်ထားဆဲဖြစ် သည်။ ရလဒ်အနေဖြင့် ဤလုပ်ငန်းစဉ်သည် အပြောင်းအလဲထက် အစဉ်အလာဟောင်းကိုသာ ပြန်လည် အသက်သွင်းခြင်းဖြစ်ရာ ဒီမိုကရေစီ ကူးပြောင်းရေးဟူသော ပြောဆိုချက်များသည် စကားလုံးများထက် မပိုကြောင်း သိသာလာစေသည်။

## ရွေးချယ်ခွင့်မဲ့ မဲဆန္ဒရှင်များ

| အဆင့် / နယ်မြေ | ရာထူး | အမည် | လက်ရှိ သို့မဟုတ် ယခင် တာဝန် |
|---|---|---|---|
| **ပြည်သူ့လွှတ်တော်** | ဥက္ကဋ္ဌ | **ဦးခင်ရီ** | စစ်အစိုးရအဖွဲ့ ဝန်ကြီးဟောင်း / USDP ဥက္ကဋ္ဌ |
| | ဒုတိယဥက္ကဋ္ဌ | **ဦးမောင်မောင်အုန်း** | ပြန်ကြားရေးဝန်ကြီး (လက်ရှိ) |
| **အမျိုးသားလွှတ်တော်** | ဒုတိယဥက္ကဋ္ဌ | **ဦးအောင်လင်းဒွေး** | စစ်ကောင်စီအတွင်းရေးမှူး / NDSC အုပ်ချုပ်ရေးမှူး |
| | ဒုတိယဥက္ကဋ္ဌ | **Ja Phang** | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး (လက်ရှိ) |
| **ရန်ကုန်တိုင်းလွှတ်တော်** | ဥက္ကဋ္ဌ | - | ရန်ကုန်တိုင်း လူမှုရေးဝန်ကြီး (လက်ရှိ) |
| | ဒုတိယဥက္ကဋ္ဌ | - | ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်ရေးဝန်ကြီး (လက်ရှိ) |
| **မန္တလေးတိုင်းလွှတ်တော်** | ဥက္ကဋ္ဌ | - | မန္တလေးတိုင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး (လက်ရှိ) |
| | ဒုတိယဥက္ကဋ္ဌ | - | မန္တလေးတိုင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဟောင်း |
| **တနင်္သာရီတိုင်းလွှတ်တော်** | ဥက္ကဋ္ဌ | - | တနင်္သာရီတိုင်း ဝန်ကြီးချုပ် (လက်ရှိ) |
| | ဒုတိယဥက္ကဋ္ဌ | - | တနင်္သာရီတိုင်း သယံဇာတရေးရာဝန်ကြီး (လက်ရှိ) |
| **ချင်းပြည်နယ်လွှတ်တော်** | ဥက္ကဋ္ဌ | - | ချင်းပြည်နယ် သယံဇာတရေးရာဝန်ကြီး (လက်ရှိ) |
| **ရှမ်းပြည်နယ်လွှတ်တော်** | ဥက္ကဋ္ဌ | - | ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဟောင်း |

## နိဂုံးချုပ်

စစ်တပ်က စီစဉ်ကျင်းပသော ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲသည် ရွေးကောက်ပွဲဆိုင်ရာ တရားဝင်မှုအတွက် အနိမ့်ဆုံးသော စံနှုန်းများကိုပင် ပြည့်မီရန် များစွာ လိုအပ်နေပါသေးသည်။ ရွေးကောက်ပွဲအတွင်း မဲပေး ခွင့်ရှိသူ၏ ၃၅ရာခိုင်နှုန်းခန့်ကို ဖယ်ရှားလိုက်ခြင်း၊

**ရွေးချယ်ခွင့်မဲ့ မဲဆန္ဒရှင်များ**

နယ်မြေအမြောက်အမြားတွင် ရွေးကောက်ပွဲ ဖျက် သိမ်းခြင်းနှင့် ခိုင်မာသော အတိုက်အခံပါတီများ မရှိခြင်း စသည့် ဖိနှိပ်ချယ်လှယ်မှုများကို အခြေခံပြီး ပုံဖော်ထားခြင်း ဖြစ်သည်။ ဤကန့်သတ်ချက်များကို တင်းကျပ်သော နိုင်ငံရေးစည်းမျဉ်းများ၊ ကိုယ်စားလှယ်လောင်းတစ်ဦးတည်းသာ ရှိသည့် မဲဆန္ဒနယ် အရေအတွက် များပြားခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် ကြီးကြပ်မှုအားနည်းသော ကြိုတင်မဲများကလည်း စစ်တပ်က ကျင်းပသော ရွေးကောက်ပွဲ၏ တရားဝင်မှု ကို လွန်စွာ ထိခိုက်စေခဲ့သည်။။ အကျိုးဆက်အားဖြင့် ရွေးကောက်ပွဲရလဒ်သည် စစ်မှန်သော နိုင်ငံရေး ယှဉ်ပြိုင်မှုကို ထင်ဟပ်ခြင်းထက် စစ်တပ်၏ အုပ်ချုပ်ရေးအာဏာ ဆက်လက်ထိန်းချုပ်နိုင်ရေးကိုသာ ထင်ဟပ်နေပြီး တရားဝင်မှု ကင်းမဲ့ခြင်းကို ဖြစ်ပေါ်စေခဲ့သည်။

ဤကဲ့သို့ တရားဝင်မှုကင်းမဲ့ခြင်းကို တိုင်းရင်းသားဒေသများတွင် အထင်ရှားဆုံး တွေ့မြင်နိုင်ပြီး တိုင်းရင်း သားဒေသများ၏ အစိတ်အပိုင်း အမြောက်အမြားမှာ မဲပေးခြင်းမှ လုံးဝ ဖယ်ထုတ်ခံခဲ့ရကာ မဲပေးခွင့်ရ သည့်ဒေသများတွင်လည်း မလုံခြုံမှု၊ နေရပ်စွန့်ခွာ တိမ်းရှောင်ရမှုနှင့် နိုင်ငံရေးအရ ရွေးချယ်ခွင့် ကန့်သတ် ချက်များအောက်တွင် မဲပေးသူ အရေအတွက် သိသိသာသာ လျော့နည်းခဲ့သည်။ လူထုအမြောက်အများ မှာ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်များကို အမှန်တကယ် ငြင်းပယ်ခံခဲ့ရ ပြီး မဲပေးနိုင်သည့် နေရာများတွင်လည်း မဲပေးသူ အလွန်နည်းပါးသည့်အတွက် ကိုယ်စားပြုမှုဆိုင်ရာ မေးခွန်းထုတ်စရာများ ရှိလာခဲ့သည်။

တိုင်းရင်းသား အခြေပြုပါတီအချို့က ဒေသအလိုက် အနိုင်ရရှိမှုများ ရှိခဲ့သော်လည်း မဲပေးသူများက ရွေးချယ်စရာ အခြားမရှိသဖြင့် အနီးစပ်ဆုံး သက်ဆိုင်ရာ တိုင်းရင်းသားပါတီများကိုသာ ရွေးချယ် မဲပေး လိုက်ရသည့် အနေအထားမျိုးများလည်း ရှိနေသည်။ ဒေသများစွာတွင် မဲဆန္ဒရှင်များသည် စစ်တပ်ကျော ထောက်နောက်ခံပြု ကိုယ်စားလှယ်လောင်းများကို မထောက်ခံဘဲ ရှောင်ရှားရန်သာ အခြားပါတီကို မဲပေးရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ဤဒေသများရှိ ရွေးကောက်ပွဲရလဒ်များကို နိုင်ငံရေးအရ လိုလားချက်များအား တစ်စိတ်တစ်ပိုင်းနှင့် အခြေအနေအရ

ဖော်ပြချက်များအဖြစ်သာ နားလည်သင့်ပြီး လက်ခံမှု သို့မဟုတ် တရားဝင်မှု၏ ပြယုဂ်များအဖြစ် မယူဆသင့်ပါ။

ယခုပကတိအခြေအနေများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ဤရွေးကောက် ပွဲကို နိုင်ငံရေး ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် အဓိပ္ပာယ်ရှိသော ခြေလှမ်းတစ်ခုအဖြစ် အဓိပ္ပာယ်များကောက်ယူခြင်း မပြုသင့်ပါ။ ယခု ရွေးကောက်ပွဲ လုပ်ငန်းစဉ်သည် အားလုံးကို ကိုယ်စား ပြုသည်ဟုဆိုခြင်းမှာ မြေပြင်ရှိ ဖယ်ကြဉ်ခံထားရမှုများနှင့် တရားဝင်မှု ကင်းမဲ့နေသည့် အခြေအနေမှန် များကို ဖုံးကွယ်ရာ ရောက်နေပါသည်။ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် မဲပေးခွင့်မရသူများနှင့် မဲမပေးလိုသူများ၏ အသံများကို လျစ်လျူရှုမိမည့် အန္တရာယ်ရှိနေသည်။ ထို့ကြောင့် ရှေ့ဆက်ဆောင် ရွက်မည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များသည် လက်တွေ့ဘဝနှင့် ကင်းကွာနေသည့် ရွေးကောက်ပွဲရလဒ် များအပေါ် အခြေမခံဘဲ မြေပြင်ရှိ ပကတိအခြေအနေမှန်များကိုသာ ဗဟိုပြု၍ ချဉ်းကပ်ဆောင်ရွက်သင့် ပါသည်။

## နောက်ဆက်တွဲ

### ပြည်နယ်အလိုက် ရွေးကောက်ပွဲရလဒ် စုစည်းမှုဇယား

| ပြည်နယ် | နိုင်ငံရေးပါတီ အမည် | အတိုကောက် | အနိုင်ရအမတ်နေရာ |
|---|---|---|---|
| **ကချင်** | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | **USDP** | **၄၅** |
| | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | TNDP | ၄ |
| | ကချင်ပြည်နယ်ပြည်သူ့ပါတီ | KSPP | ၃ |
| | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | NUP | ၂ |

**ရွေးချယ်ခွင့်မဲ့ မဲဆန္ဒရှင်များ**

| | | | |
|---|---|---|---|
| | လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | LNDP | ၂ |
| | ဒီမိုကရေစီသစ်ပါတီ (ကချင်) | NDP-K | ၂ |
| | မြန်မာနိုင်ငံ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | MFDP | ၁ |
| | ပြည်သူ့ရှေ့ဆောင်ပါတီ | PPP | ၁ |
| **ကယား (ကရင်နီ)** | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | **USDP** | **၁၉** |
| | ကရင်နီပြည်နယ်ဒီမိုကရက်တစ်ပါတီ | KySDP | ၃ |
| | ပြည်သူ့ရှေ့ဆောင်ပါတီ | PPP | ၂ |
| | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | NUP | ၁ |
| **ကရင်** | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | **USDP** | **၂၀** |
| | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | KNDP | ၈ |
| | ပအိုဝ်းအမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | PNUP | ၃ |
| | ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ | PSDP | ၂ |
| **ချင်း** | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | **USDP** | **၁၂** |
| | ဇိုမီးအမျိုးသားများအဖွဲ့ချုပ် | ZNP | ၈ |
| | ချင်းလန်းကွန်ဂရက်သစ်ပါတီ | NCC | ၁ |
| **ရခိုင်** | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | **USDP** | **၁၇** |
| | ရခိုင့်ဦးဆောင်ပါတီ | AFP | ၈ |

## ရွေးချယ်ခွင့်မဲ့ မဲဆန္ဒရှင်များ

| | | | |
|---|---|---|---|
| | ရခိုင်အမျိုးသားပါတီ | RNP | ၇ |
| **မွန်** | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | **USDP** | **၁၉** |
| | မွန်ညီညွတ်ရေးပါတီ | MUP | ၁၆ |
| | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | NUP | ၂ |
| | အမျိုးသားအကျိုးစီးပွားနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပါတီ | NIDP | ၂ |
| | ပြည်သူ့ရှေ့ဆောင်ပါတီ | PPP | ၁ |
| | ပြည်သူ့ပါတီ | PP | ၁ |
| | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးတက်ရေးပါတီ | – | ၁ |
| **ရှမ်း** | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | **USDP** | **၅၄** |
| | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူ) | SNDP | ၁၉ |
| | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် | PNO | ၁၅ |
| | ဓနုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | – | ၅ |
| | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | – | ၄ |
| | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | NUP | ၂ |
| | ဝအမျိုးသားပါတီ | – | ၁ |
| | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | – | ၁ |